# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၁၁၃) ၊ ၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၁၀ ရက် ၊ ၁၃-၁၀-၂၀၂၄ ၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ကူညီဆောင်ရွက်ပေးကြမည့် ဝါရင့်အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် အောက်တိုဘာ ၁၂

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း(၆၀) ဖြစ်ပါသည်။

**မိုး/ဧလ**


**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ( ၁၃ )ရက်မြောက်နေ့ ကောက်ယူနေပါသည်။**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက် ၊ တနင်္ဂနွေနေ့ ။

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ပေး

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်သည် အပြည်ပြည် ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး နေ့ ဖြစ်သည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"ဖြစ်သည်။

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင် ထားမှသာ မည်သည့်အရာကိုမဆို အောင်မြင်စွာ ကျော်ဖြတ်နိုင် မည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်သည် နိုင်ငံတိုင်း၊ လူသား တိုင်း ကြုံတွေ့ရသော ဘေးအန္တရာယ်ဖြစ်သည်။

ဘေးအန္တရာယ်သည် မည်သူတစ်ဦးတစ်ယောက်ကမျှ မဖိတ် ခေါ်သော်လည်း ရောက်လာကာ လူသားတို့ကို ဒုက္ခပေးနေသည် မှာ သဘာဝဘေးအန္တရာယ်ဖြစ်သည်။ ကမ္ဘာတစ်ဝန်း ရာသီဥတု ပြောင်းလဲမှုများနှင့်အတူ သဘာဝဘေးအန္တရာယ်အမျိုးမျိုး မကြာ ခဏ ဖြစ်ပေါ်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ လေပြင်းလှုပ်ခြင်း၊ မုန်တိုင်းများ မကြာ ခဏ တိုက်ခတ်ခြင်း၊ ရေခဲများ အရည်ပျော်ခြင်းနှင့် ပင်လယ်ရေမျက် နှာပြင်မြင့်တက်ခြင်း၊ အစားအစာနှင့် သောက်သုံးရေရှားပါးလာ ခြင်းနှင့် ရောဂါဘယများ ထူပြောလာခြင်း စသည်တို့ ပါဝင်သည်။ ထို့ပြင် လူသားတို့၏ ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု၊ ပေါ့ဆ မှုကြောင့် သဘာဝဘေးကြုံတွေ့ရတတ်သလို သဘာဝအလျောက် လည်း သဘာဝဘေးကြုံတွေ့ရနိုင်သည်။ သစ်တောများ ပြုန်းတီးမှု များပြားလာခြင်းမှာ သဘာဝဘေးကို နေရာပေးလိုက်သကဲ့သို့ ဖြစ်သည်။

ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ ဂေဟစနစ်များ ယိုယွင်းပျက်စီးမှု၊ စက်မှုလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်းနှင့် မြို့ပြ များရှိ အမှိုက်ညစ်ညမ်းမှုတို့သည် ရာသီဥတုပြောင်းလဲခြင်းနှင့် အတူ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရခြင်းဖြစ်သည်။

သဘာဝဘေးအန္တရာယ်များတွင် အများဆုံးကြုံတွေ့ရသည် မှာ ရေကြီးရေလျှံမှုများဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံး များပြားခဲ့သည်ကို နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင်လည်း စက်တင်ဘာလအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက ပျက်စီးဆုံးရှုံးမှုနည်းပါးစေရန်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွား မှုနည်းပါးစေရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တို့ပူးပေါင်းကာ သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများ ထိန်း သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ကျွန်းစုများနှင့် ကမ်းရိုး တန်းနေ ဒေသခံပြည်သူများကို လေမုန်တိုင်းဒဏ်နှင့် ရေကြီး ရေလျှံခြင်းမှကာကွယ်ပေးနိုင်ရန်နှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု သက်ရောက်မှုများကို လျှော့ချနိုင်ရန် ဒီရေတော များ၊ လေကာတန်းသစ်ပင်များ စိုက်ပျိုးလျက်ရှိသည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ကို နည်းလမ်းအသွယ် သွယ်ဖြင့် ကြိုတင်ကာကွယ်မှု ပြုလုပ်ထားကြရမည့်အပြင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော ကြိုတင်သတိပေး ထုတ်ပြန်ချက်ကို ဆောလျင်စွာ ဆောင်ရွက်သွားရမည်ဖြစ်ပါ ကြောင်း ရေးသားလိုက်ရပေသည်။

## (၃၉)ကြိမ်မြောက် သံဃာ့မဟာထေရ်ကြီးများ ပူဇော်ပွဲနှင့် စာအောင်သံဃာ ၁၃ ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးမြို့၊ မဏိရတနာ ရာမ မြတောင်တိုက်၌ (၃၉)ကြိမ် မြောက် သံဃာ့မဟာထေရ်ကြီး များ ပူဇော်ပွဲနှင့် စာအောင်သံဃာ ၁၃ ပါးတို့အား ဂုဏ်ပြုပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မြ တောင် ရာပြည့်ဗိမာန်တော်၌ ကျင်းပရာ ပူဇော်ခံ ဆရာတော် ကြီးများ၊ စာအောင်သံဃာတော် များနှင့် တိုက်တွင်း ဝါဆိုသံဃာ တော်များ ကြွရောက်ချီးမြှင့်ပြီး မြတောင်သာသနာဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်အောင် နှင့် ဂေါပကအဖွဲ့ဝင်များ တက် ရောက်ကြည်ညိုကြသည်။



ရှေးဦးစွာ အခမ်းအနားကို ဘုရားကန်တော့ဖွင့်လှစ်ပြီး မြ တောင်တိုက် အဓိပတိ ဩဝါဒါ စရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ သာယာဝင်း ကျောင်းဆရာတော် ဘဒ္ဒန္တသာ ဂရာဘိဝံသ၊ ကျောက်ဆည် ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒော ဘာသ၊ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ ပဒေသာကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသတို့အား တစ် ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ငါးသိန်းစီနှင့် သင်္ကန်းဒွိစုံတစ်စုံ စီဖြင့် ပူဇော်ကန်တော့ကြရာ ဆရာတော်ကြီးများက ဩဝါဒ ကထာနှင့် ဆုပေးမေတ္တာပို့သကြ သည်။ (အပေါ်ပုံ)

ထို့နောက် အပူဇော်ခံ ဆရာ တော်ကြီး သုံးပါးတို့က ဝိနယ ဓရအောင် သံဃာတော်အား နဝ ကမ္မဝတ္ထုငွေကျပ် ၁၀ သိန်းနှင့် သင်္ကန်းပန်းခြင်း၊ ဥဘတော ဝိဘင်္ဂဓရအောင် သံဃာတော် အား နဝကမ္မဝတ္ထုငွေကျပ် ငါး သိန်းနှင့် သင်္ကန်းပန်းခြင်း၊ အစိုးရဓမ္မာစရိယအောင် သံဃာ တော် ၁၁ ပါးတို့အား နဝကမ္မ ဝတ္ထုငွေကျပ် သုံးသိန်းစီနှင့် သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့် ကြသည်။ ယင်းနောက် ပူဇော်ပွဲ ရငွေ၊ သုံးငွေ စာရင်းရှင်းတမ်းကို မဟာဗန္ဓုလကျောင်း ဆရာတော် က ဖတ်ကြားရှင်းလင်းကြောင်း သိရသည်။ (ဝ၅၁)

## သီတင်းကျွတ်ကာလ အာစရိယပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပုသိမ်ကြီး အောက်တိုဘာ ၁၂**

အခြေခံပညာအထက်တန်း ကျောင်းများ၌ သီတင်းကျွတ် ကာလ အာစရိယပူဇော်ပွဲအခမ်း အနားများ ကျင်းပလျက်ရှိရာ ပုသိမ်ကြီးမြို့ရှိ ခေတ်သစ်မြန်မာ ကိုယ်ပိုင်အထက်တန်းကျောင်း၏ သီတင်းကျွတ်ကာလ အာစရိယ ပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်း အနားကို ယနေ့နံနက် ၇ နာရီက ပြည့်ဝချမ်းသာခန်းမ၌ ကျင်းပ သည်။

အစီအစဉ်အရ ကျောင်း အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစမ်း ကြိုင်နှင့် နာယက ဦးထွန်းခင် တို့က အဖွင့်အမှာစကားပြော ကြားကြသည်။ ဆက်လက်၍ ခေတ်သစ်မြန်မာ ကိုယ်ပိုင် အထက်တန်းကျောင်း တည် ထောင်အုပ်ချုပ်သူ ဦးကျော်နိုင် ထွန်းက အခမ်းအနား ကျင်းပရ ခြင်း ရည်ရွယ်ချက်နှင့် ကျေးဇူး တင်စကားပြောကြားသည်။

ယင်းနောက် ဆရာ၊ဆရာမ များကို ကျောင်းသား၊ ကျောင်း သူများက လက်ဆောင်ပစ္စည်း များဖြင့် ပူဇော်ကန်တော့ကြ သည်။ (အပေါ်ယာပုံ)




ထို့နောက် မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် တိုင်းဒေသကြီး အဆင့်များတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ အား ဆရာကြီး ဦးကျော်နိုင်ထွန်း က ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူလေး များက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

(ဝ၉၁)

ဝ-ဝ-ဝ-ဝ-ဝ

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdy-dailynews paper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး၊ အောင်မြေသာစံ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာသန့်ဇင်လင်း ဦးဆောင်သော ပြည်သူ့ကျန်းမာ ရေးဝန်ထမ်းများသည် အောက် တိုဘာ ၁၁ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၁၂ လမ်း၊ ၇၃လမ်းထောင့်ရှိ လူမှု ဝန်ထမ်းဦးစီးဌာန လူငယ်သင် တန်းကျောင်း(မန္တလေး)၌ ကျန်း မာရေးအသိပညာပေးဟောပြော ခြင်း၊ ဆေးဝါးကုသပေးခြင်း များ ဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာသန့်ဇင်လင်း ဦးဆောင်သော ပြည်သူ့ကျန်းမာ ရေးဝန်ထမ်းများသည် လူငယ် သင်တန်းကျောင်းမှ ကျောင်း သားများအား တစ်ကိုယ်ရေသန့် ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်း ရေးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်း လျှောရောဂါအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေးဟော ပြောကြကာ အရေပြားရောဂါ ဖြစ်ပွားနေသူ ၁၀၈ ဦးတို့အား ဆေးကုသမှုပေးကြပြီး သုံးရေသို လှောင်ထားရှိသည့် ရေကန်များ ကို bleaching powder ခတ် ပေးခြင်းတို့ကို ဆောင်ရွက်ကြ ကြောင်းသိရသည်။

(ဓဲပုံ)

(ဝ၉၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ အမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်

◎ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည်နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ လဟာပြင်ဇာတ်ရုံ၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တို့၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဖွင့်ပွဲအခမ်းအနား အစီအစဉ်အတိုင်း လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာသံစုံတေးဂီတအဖွဲ့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### နှုတ်ဆက်အားပေးစကားပြောကြား

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြမည့် ဝါရင့်အနုပညာရှင်ကြီးများနှင့် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၊ အုပ်ချုပ်မှုအဖွဲ့များနှင့် အုပ်ထိန်းသူမိဘများ၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်များ၊ စားသောက်ဆိုင်များနှင့် လူသုံးကုန်အရောင်းဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေမှု၊ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေးအဖွဲ့များ စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အကဲဖြတ်ဒိုင်အဖွဲ့ ဝါရင့်အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်အဖွဲ့သူ အဖွဲ့သားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အဆိုပြိုင်ပွဲ(မဟာဂီတ၊ ကာလပေါ်၊ အမျိုးဂုဏ်မြှင့်တင်ရေး တေးသီချင်း)၊ အကပြိုင်ပွဲ(တိုင်းရင်းသားတို့၏ ရိုးရာတူရိယာတိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအက၊ ကဗျာလွတ် ချင်းတိုင်းရင်းသားရိုးရာအက၊ ရုပ်သေးကြိုးဆွဲ)၊ အတီးပြိုင်ပွဲ(စန္ဒရား၊ ဂီတာ၊ ဒုံမင်း၊ မယ်ဒလင်)တို့ကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌လည်းကောင်း၊ အရေးပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ လည်းကောင်း၊ အတီးပြိုင်ပွဲ(ဒိုးပတ်၊ အိုးစည်၊ တယော)၊ ကွက်စိပ်ပြိုင်ပွဲတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ လည်းကောင်း၊ အတီးပြိုင်ပွဲ(ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်၊ ဆိုင်းတစ်ဦးချင်း)တို့ကို အမျိုးသားစာကြည့်တိုက်၌ လည်းကောင်း၊ အတီးပြိုင်ပွဲ(စောင်း၊ နှဲ၊ ပလွေ၊ ပတ္တလား)တို့ကို အမျိုးသားပြတိုက်၌ လည်းကောင်း၊ ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီရှိ လဟာပြင်ဇာတ်ရုံ၌ လည်းကောင်း အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် စုစုပေါင်းဦးရေ ၂၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ အမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ မျိုးဆက်သစ် လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရတနာပုံတက္ကသိုလ်နှင့် ယူနန်တက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ်(Myanmar-China Culture Exchange Academic Forum)သို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၁၂**

ရတနာပုံတက္ကသိုလ် (Yadanabon University)နှင့် ယူနန်တက္ကသိုလ်( Yunnan University) တို့ ပူးပေါင်း၍ မြန်မာ-တရုတ်ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ် (Myanmar-China Culture Exchange Academic Forum)ကို ယနေ့ နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုံ တက္ကသိုလ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ Yunnan University မှ ပါမောက္ခများ၊ သုတေသနစာတမ်းရှင်များ၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း(မန္တလေး)မှ တာဝန်ရှိသူများ၊ ဘာသာရပ်ဌာနများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ် ပင်မဆောင်ရှေ့တွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် သုတေသနစာတမ်းရှင်များမှဖတ်ကြားသည့် သုတေသနစာတမ်းပိုစတာများနှင့် ဘာသာရပ်ဌာနများမှ ပညာရေးအထောက်အကူပြုစာအုပ်များ ပြသထားမှုများ၊ ပြည်ထောင်စုခန်းမ၌ ရတနာပုံတက္ကသိုလ် ကျောင်းသူများမှ မြန်မာ့ရိုးရာယဉ်ကျေးမှုအကနှင့် တရုတ်ရိုးရာယဉ်ကျေးမှုအကတို့ဖြင့် ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာနှင့် ပြည့်စုံပြီး အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ယခုလို နှစ်နိုင်ငံ၏ ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ်ပြုလုပ်ခြင်းမှ နှစ်နိုင်ငံတက္ကသိုလ်နှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေပြီး ပညာရေးတိုးတက် မြင့်မားအောင် ဆောင်ရွက်မှုကဏ္ဍတွင် များစွာအထောက်အကူဖြစ်ပါကြောင်း၊ သုတေသနစာတမ်းဖတ်ပွဲများကို ကျင်းပပေးခြင်းဖြင့် ဆရာ၊ ဆရာမများ၏ အရည်အသွေးများလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် မြန်မာ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပညာရေးဖိုရမ် ကျင်းပသည့်အပေါ် ယူနန်တက္ကသိုလ်မှ ဒုတိယ ပါမောက္ခချုပ် တွမ့်ရှင်းဝူးက video clip ဖြင့် ကျေးဇူးတင်ဝမ်းမြောက်စကားကို လည်းကောင်း၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကားကို လည်းကောင်း၊ Fuqing International Language Teaching Center မှ ကျောင်းအုပ်ကြီး ဒေါက်တာစက်တီက ဂုဏ်ပြုဝမ်းမြောက်စကားကို လည်းကောင်း ပြောကြားပြီးနောက် ရတနာပုံတက္ကသိုလ်နှင့် ယူနန်တက္ကသိုလ်အလံများကို အမှတ်တရ လဲလှယ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သုတေသနစာတမ်းရှင်များ ဖတ်ကြားမှုများကို ကြည့်ရှုအားပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများရိုက်ကူး၍ တက်ရောက်လာသူများအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ခဲ့ကြောင်းနှင့် ယခု ပညာရေးဖိုရမ်ကို အောက်တိုဘာ ၁၃ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယူနန်တက္ကသိုလ်မှ သုသေသနစာတမ်း ၇ စောင်၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလာတက္ကသိုလ်များမှ မြန်မာ-တရုတ် ယဉ်ကျေးမှုဆိုင်ရာသုတေသနစာတမ်း ၂၂ စောင် ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

**ဝ-ဝ-ဝ-ဝ**













သတင်း-စာမျက်နှာ ၄


缅中文化交流学术研讨会
















Yadanabon University & Yunnan University
Myanmar - China Cultural Exchange Academic Forum
Union Hall (Myanmar)
12.10.2024 to 13.10.2024


Yadanabon University & Yunnan University













## မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (၁၂)ရက်မြောက် ဆက်လက် ကောက်ယူ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များက ၁၂ ရက်မြောက်အဖြစ် ယနေ့ နံနက်ပိုင်းတွင် ရပ်ကွက်များသို့ ကွင်းဆင်း၍ ဆက်လက်ကောက်ယူလျက်ရှိသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် မြို့နယ်အတွင်း နေထိုင်သူများ၏ လူဦးရေဆိုင်ရာ အချက်အလက်များအား ပြည်သူများထံ အရောက်သွားပြီး ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းကောက်ယူသည့်စနစ် (Computer Assisted Personal Interviews - CAPI) နည်းပညာဖြင့် မေးခွန်း (၆၈)ခုပါဝင်သော အိမ်ထောင်စုမေးခွန်းပုံစံနှင့် မေးခွန်း (၁၈)ခုပါဝင်သော အဖွဲ့အစည်းမေးခွန်းပုံစံများအသုံးပြု၍ မေးမြန်းကောက်ယူလျက်ရှိရာ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်နှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

မဟာအောင်မြေမြို့နယ်အတွင်း ရပ်ကွက်(၁၈)ရပ်ကွက်ရှိ ကောက်ကွက်ပေါင်း (၃၇၇) ကွက်၌ စာရင်းစစ် ၃၃ ဦး၊ စာရင်းကောက် ၁၂၃ ဦးက အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို Mobile Tablet များ အသုံးပြု၍ တစ်အိမ်တက်ဆင်း စနစ်ဖြင့် စနစ်တကျ ကောက်ယူလျက်ရှိသည်။

အဆိုပါ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ စာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခဲပုံ)(ဝ၅၆)





## ကျွန်းလှမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

**ကျွန်းလှ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ယနေ့ မွန်းတည့် ၁၂ နာရီက ကောက်ယူပြီးစီးကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် သန်းခေါင်စာရင်း ကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်က စတင်၍ စာရင်းကောက်၊ စာရင်းစစ် ၂၇ ဦးဖြင့် CAPI နည်းပညာဖြင့် Table အသုံးပြုပြီး ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာ ၂၅ ရွာ၊ စာရင်းကောက်ကွက် ၅၈ ကွက်ရှိ အိမ်ထောင်စု ၅၆၈၅၊ အဖွဲ့စည်း ၇၇ ဖွဲ့မှ အမျိုးသား ၉၃၀၃ ဦး၊ အမျိုးသမီး ၁၂၁၀၉ ဦး၊ စုစု ပေါင်း ၂၁၄၁၂ ဦးအား ကောက်ယူခဲ့သည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူနေခြင်းများကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မျိုးဝင်းညို ကျွန်းလှ

ဝ-ဝ-ဝ-ဝ



**စာအုပ်စာပေ လူ့မိတ်ဆွေ။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်အဖွဲ့ကို ပို့ဆောင်နှုတ်ဆက်

**မန္တလေး အောက်တိုဘာ ၁၂**

(၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ပြိုင်ပွဲဝင်ရန် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူ နည်းပြများ၊ ကြီးကြပ်သူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှနေပြည်တော်သို့ ထွက်ခွာသွားကြရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများသည်စုရပ်ဖြစ်သော အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံရှေ့တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်သွားရန်၊ လေ့ကျင့်ထားမှုများနှင့် အတွေ့အကြုံများ ပေါင်းစပ်၍ တိုင်းဒေသကြီးဂုဏ်ဆောင်နိုင်သူများဖြစ်စေလိုပါကြောင်း လိုက်လံနှုတ်ဆက် အားပေးစကားများပြောကြား၍ အုပ်ချုပ်သူနည်းပြများနှင့် ကြီးကြပ်သူများအား လိုအပ်သည်များ မှာကြားကာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

















# ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များကို မပစ်ခတ်ရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ပြောဆိုဟန့်တား

**ဝါရှင်တန် အောက်တိုဘာ ၁၂**

ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များကို မပစ်ခတ်ရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အောက်တိုဘာ ၁၁ ရက်တွင် အစ္စရေးကို ပြောဆိုဟန့်တားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



အစ္စရေးတပ်ဖွဲ့များက ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များကို နှစ်ကြိမ်ပစ်ခတ်ခဲ့ပြီးနောက် သမ္မတ ဂျိုးဘိုင်ဒင်က ယင်းကဲ့သို့ ဟန့်တားလိုက်ခြင်းဖြစ်သည်။

အောက်တိုဘာ ၁၀ ရက်တွင် လက်ဘနွန်နိုင်ငံ နာကိုရာမြို့ရှိ ငြိမ်းချမ်းရေးတပ်ဖွဲ့အခြေစိုက်စခန်းကို အစ္စရေးဘက်က ပစ်ခတ်တိုက်ခိုက်ရာ သီရိလင်္ကာတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

အောက်တိုဘာ ၁၁ ရက်တွင် အစ္စရေးသံချပ်ကာကားက ကင်းမျှော်စင်ကို ချိန်ရွယ်ပစ်ခတ်ရာမှ အင်ဒိုနီးရှားတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းပစ်ခတ်တိုက်ခိုက်မှုများကို ပြင်သစ်၊ အီတလီ၊ စပိန်နှင့် သီရိလင်္ကာနိုင်ငံတို့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခဲ့သည်။

ထိုပစ်ခတ်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုအမြန်ဆုံးပြုလုပ်သွားမည်ဖြစ်သည်ဟု အစ္စရေးကာကွယ်ရေးတပ်မတော်က တုံ့ပြန်ကြေညာထားကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



# အသက် ၆၇ နှစ်အရွယ် အပေတူ အမေကွဲညီ နိုဝယ် ကွန်လွန်သူ ရာတန်တာတာ၏ အရိုက်အရာဆက်ခံ

**ဒေလီ အောက်တိုဘာ ၁၂**

တာတာကုမ္ပဏီအုပ်စု၏ ပွဲကိုင်ရှင် ရာတန်တာတာ မကြာသေးမီက ကွယ်လွန်ပြီးနောက် ၎င်း၏ အရိုက်အရာကို အသက် ၆၇ နှစ်အရွယ် အဖေတူ အမေကွဲညီဖြစ်သူ နိုဝယ်တာတာ အောက်တိုဘာ ၁၁ ရက်က ဆက်ခံခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တာတာနှင့်သားများကုမ္ပဏီမှ ဆွေမျိုးရင်းချာများက ကုမ္ပဏီအုပ်စု၏ဥက္ကဋ္ဌ နေရာတွင် နိုဝယ်ကို ထားသင့်သည်ဟု သဘောတူဆုံးဖြတ်ကာ အတည်ပြုခန့်အပ်လိုက်ခြင်းဖြစ်သည်။

နိုဝယ်ကို ယခင်က လူသိနည်းခဲ့သော်လည်း ၎င်းအနေဖြင့် တာတာ သံမဏိကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌနှင့် ထရင့်ဖက်ရှင်ကုမ္ပဏီ၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ကာ အစွမ်းအစပြသနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Mon**

# ဝါရှင့် ပြင်သစ်လက်ယာဝါဒီ မာရင်းလီပင်း၏ တူမ အိုင်ဒီအယ်လ် နိုင်ငံရေးပါတီ ဦးဆောင်တည်ထောင်

**ဝါရှင်တန် အောက်တိုဘာ ၁၂**

ဝါရှင့် ပြင်သစ်လက်ယာဝါဒီ မာရင်းလီပင်း၏ တူမဖြစ်သူ အသက် ၃၄ နှစ်အရွယ် မာရီယွန်မရေချာလ် ဦးဆောင်ကာ အိုင်ဒီအယ်လ်နိုင်ငံရေးပါတီ တည်ထောင်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပြင်သစ်နိုင်ငံတွင် အမျိုးသားရေးဝါဒီတို့၏ အောင်ပွဲအတွက် ရည်သန်မျှော်မှန်းကာ အမျိုးသားရေးမဟာမိတ်အင်အား တိုးမြင့်လာစေရန် ပါတီထောင်ခြင်းဖြစ်သည်ဟု ၎င်းက လဖီဂရိုသတင်းစာသို့ ထုတ်ဖော်ပြောကြားသည်။

မိမိအနေဖြင့် ဝါရှင့် အမျိုးသားရေးဝါဒီများဖြစ်သည့် မာရင်းလီပင်း၊ ဂျော်ဒန်ဘာဒယ်လာ၊ အဲရစ်ဆီယော့တီတို့နှင့် အဓိကမဟာမိတ်ဖွဲ့ရန် ဆုံးဖြတ်ထားကြောင်း ဆက်လက်ပြောကြားသည်။

အမျိုးသားရေးတပ်ဦးပါတီ တည်ထောင်သူ ယန်းမာရီးလီပင်း၏ မြေးတော်စပ်သူ မာရီယွန်မရေချာလ်အနေဖြင့် လာမည့် ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် အဓေါ်ဖြစ်သူ မာရင်းလီပင်း အနိုင်ရရန် အားဖြည့်ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



# ဝန်ထမ်းအင်အား ၁၇၀၀၀ ဦးကို လျှော့ချသွားရန် အမေရိကန်အခြေစိုက် ဘိုးရင်းကုမ္ပဏီ ဆုံးဖြတ်

**ဝါရှင်တန် အောက်တိုဘာ ၁၂**

ဝန်ထမ်းအင်အား ၁၇၀၀၀ ဦးကို လျှော့ချသွားရန် အမေရိကန်အခြေစိုက် ဘိုးရင်းကုမ္ပဏီ ဆုံးဖြတ်ချက်ချထားသည်ဟု အမှုဆောင်အရာရှိချုပ် ကယ်လီအော့ဘာ့ဂ် အောက်တိုဘာ ၁၁ ရက်က ထုတ်ပြန်အသိပေးထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုနှစ်၏ တတိယသုံးလပတ်တွင် ကုမ္ပဏီအရှုံးပမာဏ အမေရိကန်ဒေါ်လာသန်း ၅၀၀၀ ရှိခဲ့သဖြင့် ဝန်ထမ်းအင်အားလျှော့ချရန် ထိုသို့ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။

ဘိုးရင်းကုမ္ပဏီအနေဖြင့် အောက်ခြေဝန်ထမ်းများသာမကမန်နေဂျာအဆင့် ရှိသူများကိုပါ မဖြစ်မနေ လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



တာ့ခ်မေနစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်မြို့တော်တွင် အောက်တိုဘာ ၁၁ ရက်က တွေ့ဆုံခဲ့ကြသည့် အီရန်သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့နှစ်ဦးကို တွေ့ရစဉ်။

**Mon**



# တရုတ်လက်သမားဆရာများက သံများအသုံးမပြုဘဲ အထိမ်းအမှတ် မုခ်ဦးဆောက်လုပ်

**ကျန်းရှီး အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံ ကျန်းရှီးပြည်နယ်ရှိ လက်သမားဆရာများက သစ်သားဖြင့် ပြုလုပ်ထားသော အထိမ်းအမှတ် မုခ်ဦးကို စရွေးပေါက်နှင့် စရွေးတံကို ထွင်းထုပြီး အံဝင်ခွင်ကျ ဆက်ရသောနည်းပညာဖြင့် ဆောက်လုပ်ခဲ့သည်။ ၎င်းတို့သည် သစ်သားအထိမ်းအမှတ် မုခ်ဦးကို သံများ၊ ကော်များ အသုံးပြုခြင်းမရှိဘဲ လက်မှုအတတ်ပညာဖြင့်သာ ဖန်တီးဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။**(ဆင်ဟွာ)**

# တောင်ကိုရီးယားက ဝါဒဖြန့်ဒရုန်းများ လွှတ်ခဲ့သည်ဟု မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက စွပ်စွဲ

**ပြုံယမ်း အောက်တိုဘာ ၁၂**

အောက်တိုဘာ ၃ ရက် ၉ ရက်နှင့် ၁၀ ရက်နေ့များတွင် တောင်ကိုရီးယားက ဝါဒဖြန့်ဒရုန်းများ လွှတ်ခဲ့သည်ဟု မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၁ ရက်တွင် စွပ်စွဲခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထို ၃ ရက်၏ ညပိုင်းအချိန်များတွင် မောင်းသူမဲ့ဒရုန်းယာဉ်များကို မိမိတို့ ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟုလည်း ထိုစွပ်စွဲချက်တွင် ပါရှိသည်။

ယင်းကဲ့သို့ ဝါဒဖြန့်စာရွက်စာတမ်းများ တင်ဆောင်ထားသည့် ဒရုန်းများ ပို့လွှတ်ခဲ့ခြင်းသည် တာဝန်မဲ့လွန်းရာရောက်ပြီး အန္တရာယ်လည်းများကြောင်း မြောက်ကိုရီးယားဘက်က ဝေဖန်ထောက်ပြသည်။

အချုပ်အခြာအာဏာပိုင်နယ်နိမိတ်ကို ကျော်နင်းပြီး ဥပဒေဖောက်ဖျက်သည့် သဘောလည်း သက်ရောက်ကာ နှစ်ဖက်လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားလာစေနိုင်သည်ဟုလည်း မြောက်ကိုရီးယားဘက်က ဆက်လက်ဝေဖန်ခဲ့သည်။

မြောက်ကိုရီးယားက ထိုသို့ အခိုင်အမာ စွပ်စွဲသော်လည်း မဟုတ်မမှန်ကြောင်း တောင်ကိုရီးယားအစိုးရက တုံ့ပြန်ခဲ့သည်။ ထိုစွပ်စွဲချက်ကို တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ကင်မ်ယုန်ဟွမ် ကိုယ်တိုင်လည်း အတိအလင်း ငြင်းဆိုထားကြောင်း သိရသည်။

**Mon**



## ရေကြီးရေလျှံမှုကြောင့် ယာယီသိမ်းဆည်းခဲ့သော ထရန်စဖော်မာများ ပြန်လည်တပ်ဆင်ထိန်းသိမ်း

**အင်းလေး အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသတွင် စက်တင်ဘာ နောက်ဆုံးပတ်နှင့် အောက်တိုဘာလဆန်းပိုင်းက ရုတ်တရက်အင်းရေမြင့်တက်လာမှုကြောင့် ဌာနပိုင်ထရန်စဖော်မာများ၊ မီတာများအား ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ကျေးရွာမီးကော်မတီများက အသိစိတ်ဓာတ်ဖြင့် ရေလွတ်ရာသို့ ရွှေ့ပြောင်းထားရှိပေးခဲ့သည်။



ယခုအခါ ရေများကျဆင်းသွားသောကြောင့် အင်းလေးဒေသတွင် တပ်ဆင်ထားသော ထရန်စဖော်မာများ၊ မီတာများအား မြို့နယ်လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ပြန်လည်တပ်ဆင်၍ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)(၀၄၅)



## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကွန်ဟိန်း အောက်တိုဘာ ၁၂**

သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ထိရောက်လျင်မြန်စွာ ကယ်ဆယ်နိုင်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးမင်းကျော် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၁ရက် နံနက် ၁၀ နာရီခွဲခန့်က အခြေခံပညာအထက်တန်းကျောင်း၌သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်ခြင်း ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဇာတ်တိုက်လေ့ကျင့်ခြင်း ရည်ရွယ်ချက်အား ဆွေးနွေးတင်ပြခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။

ဆက်လက်၍ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆက်လက်ဆောင်ရွက်ရာ အထပ်မြင့်အဆောက်အအုံတွင် မီးလောင်ခြင်း၊ ငလျင်လှုပ်ခတ်ခြင်း ဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက် လေ့ကျင့်ခြင်းများကို ဆောင်ရွက်သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီအသင်းဝင်များ၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်း၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

(အပေါ်ပုံ)
မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ခရီးသယ်တင်ယာဉ် တိမ်းမှောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်၂၃၄/၅ နှင့်၂၃၄/၆ကြားတွင် အောက်တိုဘာ ၁၁ရက် နံနက် ၄နာရီခွဲခန့်က ခရီးသည်တင်ယာဉ် တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာသို့ ဘုရားတောင် အမြန်လမ်းမီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ဘုရားတောင်အမြန်လမ်းရဲတပ်ဖွဲ့ဝင်များ သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့သည်။



ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသား ၁၁ဦး၊ အမျိုးသမီး ၁၄ဦး အနက်အမျိုးသား ၄ဦး၊ အမျိုးသမီး ၁ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး ဘုရားတောင်အမြန်လမ်း သူနာပြုယာဉ်ဖြင့် နေပြည်တော်ကုတင် ၁၀၀၀ဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့သည်။

(အပေါ်ယာပုံ)(၀၄၅)

## စိတ်ပြောင်းဆေးဝါးကက်တမင်းများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက် ညနေ ၅နာရီ၁၅မိနစ်က သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်တွင် အိုက်ခမ်းဆိုသူ မောင်းနှင်ပြီး အိုက်ထိုက်(ခ)လီဟွာဆိုသူ လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးကက်တမင်း အလေးချိန် ၇၀ကီလိုနှင့် လက်ကိုင်ဖုန်း ၂လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်ခမ်း(၂၅နှစ်)နှင့် အိုက်ထိုက်(ခ)လီဟွာ(၂၅နှစ်)ဆိုသူတို့အား တာချီလိတ် မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)
(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တို့အား သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၉ရက်တွင် ညောင်ခါးရှည် X-Rayစက် စစ်ဆေးရေးဂိတ်၌ သာမညမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မြဝတီမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး၊ စက်မှုဇုန်ထုတ် Truck တစ်စီးကို အကောက်ခွန်လုပ်ထုံး၊လုပ်နည်းများအရလည်းကောင်း၊ အောက်တိုဘာ ၁၀ရက်တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၂ ဒသမ ၀၉၄တန်ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊ ဘေးကင်း ရန်ကွာ လွှန်ချမ်းသာ။



## ပုသိမ်ကြီးမြို့နယ်တွင် မူးယစ်ဆေးဝါးများပမ်းမိ

**ပုသိမ်ကြီး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြောက်တံတိုင်းကျေးရွာနေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၅၉၅၀၊ အလေးချိန် ၉၅၉၅ဂရမ် ရောင်းချသုံးစွဲသူနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၈ရက် မွန်းတည့် ၁၂နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မြောက်တံတိုင်းကျေးရွာ နေအိမ်အား သွားရောက်စစ်ဆေးရာမှ စံလင်း၊ စုပုံချစ်ဆိုသူတို့အား တွေ့ရပြီး ပလတ်စတစ်ပုံးအတွင်း အကြည်ရောင်၊အဝါရောင်ပလတ်စတစ်တိပ်များပတ်လျက် အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၉၅၉၅၀အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချရန်လက်ဝယ်ထားရှိသူ စံလင်း (၂၇နှစ်)၊ စုပုံချစ်(၂၀နှစ်)ဆိုသူနှင့် ထွက်ပြေးတိမ်းရှောင်သူတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မဖြင့်အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)(၀၅၇)

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ






နေပြည်တော် အောက်တိုဘာ ၁၂

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT)ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး (UMFCCI) ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ အကြံပြုချက် အချက် ၄၀ အနက် မြန်မာနိုင်ငံက ဆောင်ရွက်ပြီးစီးမှု ၂၆ ချက်ကို အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်၍လည်းကောင်း၊ မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအမံ ၁၅ ချက်မှ ဆောင်ရွက်ပြီးစီးခဲ့သည့်အချက်များကို နှစ်အလိုက် အဆင့်တိုးမြှင့်ရရှိမှုများ၊ ၂၀၂၄ ခုနှစ်တွင် အဆင့်တိုးမြှင့်ရရှိခဲ့သည့်အချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်အချက်များ၊ AML/CFT ဗဟိုအဖွဲ့များနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှုများ၊ ML/ TF ဆိုင်ရာ High Risk Area များ၊ High Risk Industry များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားပြီး ပုဂ္ဂလိကကဏ္ဍမှ ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ထုတ်ရမည့် သတင်းအချက်အလက်များ၊ အစီရင်ခံစာများ၊ ဟွန်ဒီလုပ်ငန်းများ လျှော့နည်းပပျောက်ရေးဆောင်ရွက်ရမည့်အချက်များနှင့် ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့အစည်းများမှ လက်ရှိဆောင်ရွက်နေမှုများ၊ အွန်လိုင်းမှ တရားမဝင်ငွေရေးကြေးရေး ဆောင်ရွက်နေမှုများအား တားဆီးအရေးယူမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များ၊ မရှင်းလင်းသည့် အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ မန္တလေးနည်းပညာတက္ကသိုလ်၌ မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့်အကြိုဂုဏ်ပြု အင်ဂျင်နီယာပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်




နေပြည်တော် အောက်တိုဘာ ၁၂

မန္တလေးနည်းပညာတက္ကသိုလ်၌ အောက်တိုဘာ ၁၀ ရက်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးနှစ် (၁၀၀)ပြည့် အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုလျက် "အင်ဂျင်နီယာများ၏စွမ်းအားဖြင့် အနာဂတ်ကောင်းများကို ပူးပေါင်းမြှင့်တင်ကြပါစို့" ဆောင်ပုဒ်ဖြင့် အင်ဂျင်နီယာပွဲတော် (MTU Engineering Festival 2024) ကို Project Show များ၊ စာတမ်းဖတ်ပွဲများ၊ လှူငယ်စကားဝိုင်းများ၊ ပြိုင်ပွဲများ၊ ဖျော်ဖြေရေးများဖြင့် အစီအစဉ်စုံလင်စွာကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အင်ဂျင်နီယာကျောင်းသားများ ၁၀၀၀ ခန့် စိတ်ဝင်စားပျော်ရွှင်စွာ ဆင်နွှဲကြပြီး မွန်းလွဲပိုင်းအစီအစဉ်များကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဆက်လက်တက်ရောက်အားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပင်မစာသင်ဆောင်(၂)၌ ကျင်းပလျက်ရှိသော အင်ဂျင်နီယာ သုတေသီများ၏ Talk Show ကို လည်းကောင်း၊ စာတမ်းဖတ်ပွဲ Parallel Session များကို လည်းကောင်း၊ စာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို လည်းကောင်း ကြည့်ရှုအားပေး၍ ဘဝတိုးတက်ရေး၏ ရေသောက်မြစ်မှာ စာဖတ်ခြင်းပင်ဖြစ်ပြီး အင်ဂျင်နီယာ အရည်အချင်းပြည့်ဝစေမှု အပါအဝင် စာပေမှတန်ဖိုးမဖြတ်နိုင်သောအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း မှာကြားကာ ကျောင်းသားကျောင်းသူများထံ အင်ဂျင်နီယာပညာရေးနှင့် သုတ၊ ရသ စာအုပ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပင်မစာသင်ဆောင် (၁) ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ဘွဲ့ကြိုအင်ဂျင်နီယာဘာသာရပ် ၁၀ ခုမှ ကျောင်းသား ကျောင်းသူများ၏ Engineering Battle ကို အဖွဲ့လိုက် စိတ်အားထက်သန်လျက် ပျော်ရွှင်တက်ကြွစွာ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆုချီးမြှင့်ပွဲအခမ်းအနား မစတင်မီ Engineering Battle တွင် ယှဉ်ပြိုင်ခဲ့ကြသည့် အဖွဲ့များကို Online Voting ပေးနေစဉ် ဖျော်ဖြေရေး အစီအစဉ်များကို ကျင်းပသည်။ ကျောင်းသားကျောင်းသူများက မင်္ဂလာပါ သီချင်းနောက်ခံဖြင့် အက၊ မလေးလက်ခတ်သံ သီချင်းနောက်ခံဖြင့်အက၊ မနောမြေမှ တေးသံသာ သီချင်းနောက်ခံဖြင့် အကနှင့် မန်းတောင်ရိပ်ခို သီချင်းကို သီဆို၍ အကတို့ဖြင့် အဖွဲ့လိုက် အသီးသီးဖျော်ဖြေတင်ဆက်ကြရာ ဒုတိယဝန်ကြီးက ဖျော်ဖြေရေးအဖွဲ့များထံ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေ ၁၀ သိန်းကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲတွင် ဒုတိယဝန်ကြီး၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီ၊ တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ခံဒုတိယပါမောက္ခချုပ်များက ဆုရရှိသူများထံ ဆုများကို ဂုဏ်ပြုချီးမြှင့်ကြသည်။(**အပေါ်ပုံ**)

ထို့နောက် ကျောင်းသားကျောင်းသူများက အင်ဂျင်နီယာစွမ်းရည်မြှင့်တင်ရေး စိတ်ခွန်အားများရရှိခဲ့မှုများနှင့် အမှတ်တရ ကျေးဇူးတင်စကားများ ပြောကြားကာ ဒုတိယဝန်ကြီးက မြန်မာ့အင်ဂျင်နီယာကြီးများ၏ သမိုင်းဝင်နိုင်ငံ့အကျိုးပြုစွမ်းဆောင်နိုင်မှုများကို မျိုးဆက်သစ်အင်ဂျင်နီယာလူငယ်များက အားကျအတုယူကြပြီး တာဝန်များကို ပခုံးပြောင်းထမ်းရွက်ချိန်၌ ခေတ်မီအင်ဂျင်နီယာ စွမ်းရည်များဖြင့် အနာဂတ်ကောင်းများကို စည်းလုံးညီညွတ်စွာ ပူးပေါင်းမြှင့်တင်တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Phone Thet Pai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြို့ဟောင်းရပ်ကွက်နေ ဖုန်းသက်ပိုင်(ခ)ပိုင်ပိုင်အား မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း၊ "Chit Moe Nge" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကံကြီးပေါက်ကျေးရွာနေသူ ဖြိုးမာမာထွန်းအား ညနေ ၆ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ပထမအကြိမ် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်အတွက် မြစိမ်းကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် ကူရွာကျေးရွာအုပ်စု၊ ရှင်မိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမ,ပျောက် မတည်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၁ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမိုးသွယ်က ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်း ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။ (အပေါ်ပုံ)

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်က ရှင်မိန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ဦးကို ငွေကျပ် ၂၅ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ဦးအတွက် ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်းထုတ်ချေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၄၅)

# မြန်မာ့လက်ဖက်အစိုကို ပြည်ပတင်ပို့မှု များလာနိုင်

**မန္တလေး အောက်တိုဘာ ၁၂**

မြန်မာ့လက်ဖက်အစိုကို ပြည်ပတင်ပို့မှု များလာနိုင်ကြောင်း မြန်မာ့လက်ဖက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက သိရသည်။

ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံက ထွက်ရှိသည့် လက်ဖက်အချိုခြောက်၊ လက်ဖက်အခါးခြောက်များ တင်ပို့ရောင်းချနေတာကြာပြီဖြစ်သော်လည်း လက်ဖက်အစိုတင်ပို့မှုမှာ ၂၀၁၅ခုနှစ်မှ စတင်တင်ပို့ရောင်းချနေတာဖြစ်ပြီး တစ်နှစ်လျှင် လက်ဖက်အစိုတန်ချိန် ၂၀ နီးပါးတင်ပို့ ရောင်းချနေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံမှာ လက်ဖက်အစိုယဉ်ကျေးမှုက အစကတည်းက ရှိနေတာဖြစ်သည့်အတွက် နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရတာပိုမိုအဆင်ပြေကြောင်း မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်မှုများလာစေရန် လက်ဖက်ပင် စိုက်ပျိုးထုတ်လုပ်မှုများ တိုးချဲ့လုပ်ကိုင်ရန် လိုအပ်ပြီး မြန်မာနိုင်ငံအတွင်းရှိ လက်ဖက်ပင်များအတွက် ရာသီဥတုအခြေအနေများကြောင့် ပျက်စီးမှုများပြားလာနေသောကြောင့် အပင်များ ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိနေသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှ လက်ဖက်ထွက်ရှိမှု၏ ရာခိုင်နှုန်း ၈၀ကို ပြည်တွင်းဈေးကွက်မှာသာ ရောင်းချနေခြင်းဖြစ်ပြီး ကျန် ၂၀ရာခိုင်နှုန်းကို အော်ဂဲနစ်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး ၁၀ရာခိုင်နှုန်းကိုသာ ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေခြင်း ဖြစ်သည်။

မြန်မာ့လက်ဖက်ကို ပြည်တွင်းမှာ ပွဲလမ်းသဘင်များနှင့် လက်ဆောင်ပေးရန်အတွက် နှစ်ခြိုက်စွာစားသုံးကြောင်း သိရသည်။

**ရွှေမန်း**



# ပြည်ပဝယ်လိုအားသာမက ပြည်တွင်းစားသုံးမှုပါရှိလာသောကြောင့် ဝဥ ဈေးကွက်ကောင်းလာ

ပြည်ပဝယ်လိုအားသာမက ပြည်တွင်းစားသုံးမှုပါရှိလာသောကြောင့် အလေ့ကျ ပေါက်ရောက်သည့် ဝဥကို စိုက်ခင်းများဖြင့် စနစ်တကျစိုက်ပျိုးကာ မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည်။



မြန်မာနိုင်ငံတွင် ဝဥသည် သမပိုင်းရာသီဥတုမှာ အလေ့ကျပေါက်သည့်အပင်မျိုးဖြစ်ပြီး ပြည်ပဝယ်လိုအား ကောင်းသောကြောင့် စီးပွားဖြစ် စိုက်ပျိုးလာခြင်းဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကဘော်ချိုင့်ဝှမ်းဒေသ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာ အလေ့ကျပေါက်ရောက်သလို စနစ်တကျ စိုက်ခင်းများဖြင့် စိုက်ပျိုးထုတ်လုပ်ရောင်းချလာကြောင်း ဝဥ ကုန်သည်များထံက သိရသည်။

"ဝဥကို စက်တင်ဘာ၊ အောက်တိုဘာမှာ လှိုင်လှိုင်ထွက်ရှိပါတယ်။ စက်တင်ဘာလဆန်းကတည်းက မန္တလေးဈေးကွက်ကို စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေကနေ စတင်ဝင်ရောက်လာပါတယ်။ အခုရက်ပိုင်း စစ်ကိုင်းတိုင်းဘက်က ခပ်များများ ဝင်ရောက်လာပါတယ်။ အခိုကတော့ ချင်းပြည်နယ်မှာ ဝဥကို စိုက်ခင်းတွေနဲ့ စိုက်ပျိုးဖြစ်ထွန်းနေပါတယ်။ ဝဥကို တောင်သူတွေ အပိုဝင်ငွေရရှိဖို့ စိုက်ခင်းတွေ စိုက်ပျိုးတာတင်မကပါဘူး။ ဝဥအခြောက်ခံစက်ရုံတွေကို မန္တလေး၊ ပခုက္ကူမြို့တွေမှာ တည်ဆောက်ထားပါတယ်။ ဝဥကို နှစ်စဉ် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့ကို တင်ပို့ရောင်းချလျက်ရှိပါတယ်"ဟု ဦးစိုးဝင်းမြင့်ပွဲရုံပိုင်ရှင်က ပြောသည်။ (ဝဲပုံ)

ဝဥဈေးကွက်ကို အဓိကအခြေခံအားဖြင့် မန္တလေးမြို့မှာ ဈေးကွက်ဖော်ဆောင်၍ အရောင်းအဝယ်ပြုလုပ်ပြီး ဝဥအဝါရောင် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ ဝဥအနီ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ပေါက်ဈေးရှိကာ ယခင်နှစ်များထက် နှစ်ဆကျော် ဈေးမြင့်တက်လာခြင်းဖြစ်သည်။

ဝဥဈေးကွက် ဈေးကောင်းရရှိလာသောကြောင့် ဝဥစိုက်တောင်သူတွေ ရောင်းဝယ်သည့် ပွဲရုံများ အဆင်ပြေလာသည်။

အထူးသဖြင့် မန္တလေးဈေးကွက်မှာ ဝဥကို တန်ဖိုးမြင့်ထုတ်ကုန်တွေအဖြစ် ဝဥခေါက်ဆွဲ၊ ရောင်းချလာကြောင်းနှင့် မာလာရှမ်းကော၊ ဟော့ပေါ့ စားသုံးရာတွင် ထည့်သွင်းစားသုံးလာကြောင်း တွေ့ရသည်။

ယခုအခါ ပြည်ပသို့တင်ပို့ရောင်းချမှုသာမက ပြည်တွင်းစားသုံးမှုပါ ကောင်းလာသောကြောင့် ဈေးကွက် ဈေးကောင်းရရှိလာသည့် သီးနှံအမျိုးအစားဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**ရွှေမန်း**

# ခရိုင်နှင့်မြို့နယ် GYM ကလပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယအလှဆပ်ကော်မတီမှကြီးမှူး၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် GYM ကလပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲများကို အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီမှစတင်၍ မန္တလေးမြို့တော်ခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားကာယဗလပြိုင်ပွဲတွင် (၂၁)နှစ်အောက် ကာယဗလပြိုင်ပွဲ၊ ၅၅ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်းနှင့် အထက် ကာယဗလပြိုင်ပွဲ၊ အမျိုးသား ကာယကြံ့ခိုင်မှုပြိုင်ပွဲအမျိုးသား Athletic Physique ၁၇၀ စင်တီမီတာနှင့်အထက်၊ အမျိုးသား Sports Physique ၁၇၀ စင်တီမီတာနှင့် အထက်ပြိုင်ပွဲများကို လည်းကောင်း၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲအမျိုးသမီး Model Physique ၁၆၀ စင်တီမီတာနှင့် အထက်ပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique နှင့် အမျိုးသမီး Fitness Physique ပြိုင်ပွဲများ ပါဝင်ပြီး ပြိုင်ပွဲဝင်ပုံစံများကို အောက်တိုဘာ ၁၇ ရက် နောက်ဆုံးထားပေးပို့ရန်နှင့် ပြိုင်ပွဲဝင်အားကစားသမားများ အောက်တိုဘာ ၂၅ရက်တွင် အရပ်တိုင်း၊ ခါးနံပါတ်ပေးခြင်းများ ဆောင်ရွက်မည်ဖြစ်၍ မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးစခန်း၊ ဗထူးကွင်းသို့ လာရောက်ကြရန် အသိပေးထားကြောင်း သိရသည်။

(ယာပုံ)

(၀၄၅)



# မန္တလေးတိုင်းဒေသကြီးဝန်းကျင် လေအရည်အသွေးလေ့လာဆန်းစစ်၊ လက်ခံနိုင်သော လေထုအရည်အသွေးအဆင့်ရှိ

**မန္တလေး အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေး အခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ၊တိုင်းဒေသကြီး၊ပြည်နယ်များရှိ သတ်မှတ်နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

လေအရည်အသွေး တိုင်းတာရာတွင်၂ ဒသမ ၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ၊ ၁၀မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်၊ အိုဇုန်းနှင့် ကာဗွန်မိုနောက်ဆိုဒ်တို့အား တိုင်းတာခဲ့ရာ အမရပူရမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ် ပြင်ဦးလွင်မြို့နယ်တို့တွင် ၂ ဒသမ ၅မိုက်ခရိုအရွယ် အမှုန်အမွှားများ ရှိသော်လည်း လက်ခံနိုင်သော လေထုအရည်အသွေးရှိကြောင်း အမရပူရ၊ ညောင်ဦး၊ ကျောက်ဆည်နှင့် မိတ္ထီလာတို့တွင် ၂၀၂၄ခုနှစ် စက်တင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ချက်အရ လေထုအရည်အသွေးကောင်းမွန်သော အဆင့်ရှိကြောင်း ထုတ်ပြန်ထားသည်။



လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့် နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ် မူတည်၍ တိုင်းရာရရှိသည့်ဝန်းကျင် လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက သုံးသပ်ထားသည်။ **(ဝ၄၅)**



# မိတ္ထီလာမြို့ ဓမ္မသုခရွှေစည်းခုံစေတီတော်တွင် ဒသမအကြိမ်မြောက် သီတင်းကျွတ်လ ဆီမီးတစ်ထောင်ပူဇော်ပွဲ ကျင်းပမည်

**မိတ္ထီလာ အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ မိတ္ထီလာမြောက်ကန် ကန်ဦးကန်ထိပ်တွင် တည်ထားကိုးကွယ်သော ဓမ္မသုခရွှေစည်းခုံစေတီတော်တွင် ဒသမအကြိမ်မြောက် သီတင်းကျွတ်လ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲကို သုံးရက်တိုင် ကျင်းပမည်ဖြစ်သည်။ **(အပေါ်ပုံ)**

"မိတ္ထီလာမြို့ ဓမ္မသုခရွှေစည်းခုံစေတီတော်ကို ၂၀၁၅ခုနှစ်မှာ တည်ထားကိုးကွယ်ခဲ့တာဖြစ်ပြီး နှစ်စဉ် သီတင်းကျွတ်လ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲကို ကျင်းပခဲ့တာ ဒီနှစ်ဆို ဒသမအကြိမ်မြောက် ကျင်းပမှာဖြစ်ပါတယ်။ သီတင်းကျွတ်လဆန်း ၁၄ရက် အောက်တိုဘာ ၁၆ရက်မှစတင်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ရက် အောက်တိုဘာ ၁၈ ရက်အထိ ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲကို ကျင်းပသွားမှာဖြစ်ပါတယ်"ဟု အဆိုပါ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဇော်မိုးက ပြောသည်။

အဆိုပါ ဓမ္မသုခရွှေစည်းခုံစေတီတော်တွင် ကျင်းပမည့် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ခြင်းအတွက် ကုန်ကျငွေများကို နေ့ရက်အလိုက် အလှူရှင်သုံးဦးက လှူဒါန်းထားပြီးဖြစ်ကာ နေ့စဉ်ညနေ ၆နာရီတွင် ဆီမီးထွန်းညှိပူဇော်ပွဲကို စတင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၄၅၃)**

# အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားရှိနေသော်လည်း ပဲစင်းငုံဈေးကွက်ကျဆင်းနေ

**မန္တလေး အောက်တိုဘာ ၁၂**

အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားရှိနေသော်လည်း ပဲစင်းငုံဈေးကွက်ကျဆင်းနေရာ တစ်တန်လျှင် ငွေကျပ် ၅၀၀၀၀၀ခန့် ကျဆင်းခဲ့ကြောင်း ပဲကုန်သည်များထံက သိရသည်။

ပြည်ပပို့ကုန်များထဲမှ ပဲစင်းငုံနီက အောက်တိုဘာလဆန်းပိုင်းကတည်းက ပဲစင်းငုံနီတစ်တန်လျှင် ငွေကျပ် ၄၆သိန်း အောက်ရောက်ရှိလာခြင်း ဖြစ်သည်။

စက်တင်ဘာလဆန်းပိုင်းက ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်လျှင်ငွေကျပ် ၅၁သိန်းအထိ ပေါက်ဈေးရှိသလို FOB ဈေးနှုန်းမှာလည်း တစ်တန်လျှင် ၁၁၂၀-၁၁၃၀ဒေါ်လာရှိခဲ့ရာ အောက်တိုဘာ ပထမသီတင်းပတ်အတွင်းမှာ တစ်တန်လျှင် ငွေကျပ် ငါးသိန်းဝန်းကျင်အထိ ဈေးကျနေခြင်း ဖြစ်သည်။

"ပဲစင်းငုံ ပြည်တွင်းလက်ကျန်မရှိသလောက်နည်းပါးနေပြီး ဈေးကွက်အတွင်း အဝင်မရှိတော့ပါဘူး။ ပြည်ပဝယ်လိုအားကတော့ရှိနေပေမယ့် အဝယ်လိုက်တဲ့ အခြေအနေမျိုးတော့ မဟုတ်ပါဘူး။ နောက် ပြည်တွင်း ဒေါ်လာဈေးနှင့်ရွှေဈေး ကျဆင်းနေတော့လည်း ပို့ကုန်ပဲဈေးကွက်မှာ ဈေးကျဆင်းမှုတွေ ရှိလာတာပါ။ လက်ရှိမှာ ပဲစင်းငုံနီ တစ်တန်လျှင် FOB ဈေး ၁၀၇၀-၁၀၈၀ ဒေါ်လာပေါက်ဈေးရှိနေပါတယ်"ဟု ၄င်းက ပြောသည်။

မန္တလေးဈေးကွက်တွင် စက်တင်ဘာ ၂၁ရက်က ပဲစင်းငုံနီ ပိဿာ၆၀ တစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀၀ ပေါက်ဈေးဖွင့်ခဲ့ပြီးနောက်ပိုင်း အောက်တိုဘာ ၁၂ရက်ထိ အရောင်းအဝယ် ပေါက်ဈေးမရှိတော့ခြင်း ဖြစ်သည်။

၂၀၂၅ခုနှစ် ပဲစင်းငုံအသစ်မှာ ဇန်နဝါရီ၊ဖေဖော်ဝါရီလမှာစတင်ထွက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)ရွှေမန်း**



# ဆောင်းသီးနှံနေကြာကို သီးညှပ်ဆီထွက်သီးနှံအဖြစ် စိုက်ပျိုး



**ရေနံချောင်း အောက်တိုဘာ ၁၂**

ရေနံချောင်းမြို့နယ်တွင် ဆောင်းသီးနှံနေကြာကို သီးညှပ်၊ ဆီထွက်သီးနှံအဖြစ် အဓိကထားပြီး စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း ဒေသခံတောင်သူများထံက သိရသည်။ **(ဝဲပုံ)**

ဆောင်းသီးနှံကို ယာမြေနှင့် ဧရာဝတီမြစ်မြေနုများတွင် နေကြာကို သီးသန့်စိုက်ကြပြီး ကုလားပဲ၊ စားတော်ပဲသီးနှံဖြင့် သီးညှပ်အဖြစ် ထွန်တစ်ပြန်ခြား၍အတန်းလိုက် စိုက်ပျိုးကြသည်။

"သီးညှပ်စိုက်ပျိုးရာမှာ နေကြာနှင့် ကုလားပဲကိုသီးညှပ်စိုက်ပါက နေကြာနှင့် ကုလားပဲနှစ်သီးစားရတယ်။ ဒါကြောင့်လည်း ရေနံချောင်းမြို့ အနောက်ဘက်မြစ်မြေနုစိုက်တောင်သူများ သီးညှပ်စိုက်ခင်းတွေကို နှစ်စဉ် စိုက်ပျိုးကြတယ်"ဟု ရေနံချောင်းမြို့နယ်က ဒေသခံတစ်ဦးက ပြောသည်။

ယခင်နှစ်တွင် ဆောင်းသီးနှံနေကြာ ၃၁၃၆ဧကစိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် ၇ ဒသမ ၂၈တင်း ထွက်ရှိကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။ **(၄၇၂)**

# ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအား ကွင်းဆင်းစစ်ဆေး

**ရွှေကူ အောက်တိုဘာ ၁၂**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာခွင့်ပြုရန်ပုံငွေဖြင့် တောပုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ တောပုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း (၂၀) ရာခိုင်နှုန်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်နေသည့် ကျေးလက်ကုန်ထုတ်လမ်းအား လုပ်ငန်းတင်ဒါပါ စည်းကမ်းချက်များအတိုင်း အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

တောပုန်းကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်း အရှည်ပေ ၁မိုင်၊ ၄ဖာလုံအား လမ်းအကျယ် ၂၄ ပေ ၊ လမ်းအမြင့် ၂ ပေ ထု မြေသားတင်ခြင်းနှင့် သဲကျောက် ၉ လက်မထု ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာ ခွင့်ပြုရန်ပုံငွေကျပ် ၂၂၆ ဒသမ ၉၃ သန်းဖြင့် Green Kiseki Co,Ltd ကုမ္ပဏီမှတာဝန်ယူ၍ ယခုနှစ် စက်တင်ဘာ ၁၅ရက်က လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ (၂၀)ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက တောပုန်းကျေးရွာရှိ ဒေသခံ တောင်သူ ၃၂၀ဦး၏ စိုက်ပျိုးလယ်မြေဧက ၆၅၁ဧကအတွက် ရာသီမရွေး အဆင်ပြေစွာ သီးနှံများ စိုက်ပျိုးလုပ်ကိုင်နိုင်မည်ဖြစ်ပြီး ဒေသထွက်ကုန်သီးနှံများကိုလည်း ဈေးကွက်သို့ လွယ်လင့်တကူ သယ်ယူပို့ဆောင် ရောင်းချနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်က ပြောသည်။ **(အောက်ပုံ)(၄၄၅)**



# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ က္က ရာဇ် များ (၉၁)

## သွယ်အောင်

၁၉၉၀ ပြည့်နှစ်သည် ကျွန်တော့်ဘဝအတွက် စာ၊ ကဗျာ ရေးရသည်မှာ ပျော်စရာ အလွန်ကောင်းသလို စိတ်ဝင်စားစရာကောင်းသည့် အတွေ့အကြုံများရသည့်နှစ်ဟု ဆိုရပေမည်။ 'မာဆိုး' ဘုံကလောင်ဖြင့် ဆရာပိုင်စိုးဝေ အင်တာဗျူးရေးအပြီး ဇူလိုင်လတွင် ရုပ်ရှင်သရုပ်ဆောင်(ပြေငြိမ်း) ရုတ်တရက် ကွယ်လွန်သည့်သတင်းသည် ရုပ်ရှင်လောကတစ်ခုလုံး အုတ်အော်သောင်းတင်း ဖြစ်သွားသည်။

ပြေငြိမ်း သေဆုံးခြင်းသည် ရုပ်ရှင်လောကတွင်သာမက စာပေ၊ ဂီတနယ်ပယ်အထိ ရိုက်ခတ်သွားကာ မဂ္ဂဇင်း၊ ဂျာနယ်အားလုံးနီးပါး (ပြေငြိမ်း) အကြောင်းမပါသည့် စာစောင်မရှိသလောက်ပင် ဖြစ်သည်။

အထူးသဖြင့် ကျွန်တော် ပင်တိုင်နီးပါး ရေးနေသည့် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းသည် အခြားမဂ္ဂဇင်းများထက် သတင်းဦး၊ သတင်းထူးအနေဖြင့် ပြေငြိမ်း သေဆုံးရသည့်ဖြစ်စဉ်ကို အပီအပြင် ဖော်ပြနိုင်ခဲ့သည်။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းသည် အခြားမဂ္ဂဇင်းများနှင့်အပြိုင် လစဉ်ပုံမှန်ထွက်မည့်ရက်ထက် ရက် ၂၀၊ တစ်လနီးပါး အစောဆုံးထွက်နိုင်သဖြင့် ပြေငြိမ်းအကြောင်း သိချင်သည့် စာဖတ်ပရိသတ်က ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းကို အလုအယက် ဝယ်ဖတ်ကြတော့သည်။ တစ်ပတ်အတွင်း မဂ္ဂဇင်းအားလုံး အကုန်ရောင်းလိုက်ရသဖြင့် နောက်ထပ်အပိုဆောင်းပြီး ပြန်ရိုက်ရသည်ဟုလည်း ခပ်သဲ့သဲ့ကြားသိရသည်။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းသည် မဂ္ဂဇင်းဆိုသည့် ပုံသဏ္ဌာန် အနှစ်သာရထက် မဂ္ဂဇင်းမဆန်ဘဲ သတင်းဂျာနယ် ဆန်နေသည်။

လတ်တလောဖြစ်ပျက်နေသည့် အကြောင်းအရာကို အချိန်နှင့်တစ်ပြေးညီ တင်ဆက်ဖော်ပြနိုင်ခြင်းမှာ သတင်းဦးသည်ဟု ဟံသာဝတီသတင်းစာရှိစဉ်က သတင်းထောက်ကြီးဖြစ်သော ဆရာဦးခင်သီ ပြောခဲ့သည့်စကားကိုလည်း နားထဲတွင် ပြန်ကြားယောင်နေမိသည်။ ထိုစဉ်က ကျွန်တော်မှာ ၈ တန်း၊ ၉ တန်းကျောင်းသားဘဝ ကာတွန်းသာဆွဲနေပြီး 'သတင်း'ဆိုသည်ကို အစောဆုံးကြားသိခဲ့ရကာ ငယ်သေးသဖြင့် သိပ်နားမလည်ခဲ့ပေ။

၁၉၉၀ ကဗျာများ ရေးသောအခါ ရုပ်ရှင်သရုပ်ဆောင် ပြေငြိမ်း ကွယ်လွန်သည့်သတင်းနှင့် ယှက်နွယ်ပြီး သတင်း၊ သတင်းထူး၊ သတင်းဦး ဆိုသည်တို့ကို ကောင်းကောင်းကြီး သဘောပေါက်နားလည်လာတော့သည်။



'ပြေငြိမ်း'သေဆုံးခြင်းမှာ ဇာတ်လမ်းတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ်၊ ဒဏ္ဍာရီတစ်ပုဒ်ပမာဖြစ်ခဲ့ပြီး ကျွန်တော်တို့ ကဗျာသမားများ၊ စာသမားများကိုယ်တိုင် လက်ဖက်ရည်ဆိုင်ထိုင်သည့်အခါ ကဗျာအကြောင်း၊ စာအကြောင်း သိပ်မပြောဖြစ်ကြဘဲ ပြေငြိမ်း အကြောင်းကိုသာ ပြောဖြစ်ကြသည်ကို မှတ်မိနေသည်။

ပြေငြိမ်းသည် သရုပ်ဆောင်၊ ဒါရိုက်တာ မောင်မောင်မြင့်၏သားဖြစ်ပြီး ရုပ်ရှင်လောကသို့ 'ပိတောက် တွေ ရွှေရည်လူးခဲ့ပေါ့လေ'ဇာတ်ကားဖြင့် မင်းသမီး 'တင်နီလာဝင်း'နှင့်အတူ တက်လာခဲ့သူဖြစ်သည်။ ပြေငြိမ်းနှင့်တင်နီလာဝင်း ဇာတ်ဆောင်နှစ်ဦးစလုံး 'ပိတောက်တွေ ရွှေရည်လူးခဲ့ပေါ့လေ'တစ်ကားတည်းဖြင့် အောင်မြင်သည့် မင်းသား၊ မင်းသမီးတွေ ဖြစ်လာခဲ့သည်။

ပြေငြိမ်းသည် အလှအပ မင်းသားတစ်လက်မဟုတ်၊ အထိုးအကြိတ်မင်းသားလည်းမဟုတ်၊ ပေါပင်သရုပ်ဆောင်လိုင်းကို သူမဝင်၊ ပြေငြိမ်းသည် သဘာဝမင်းသားတစ်လက် သို့မဟုတ် ဘဝသရုပ်ဖော်နှင့် ခံစားမှုလိုင်းများမှာ သူ့ရုပ်သွင်ပြင်နှင့် ပို၍ ကိုက်ညီအောင် သရုပ်ဆောင်နိုင်သူဖြစ်သည်။

'ပိတောက်တွေ ရွှေရည်လူးခဲ့ပေါ့လေ'ရုပ်ရှင်ဇာတ်ကားကြီးအပြီး နောက်ပိုင်းတွင် 'သေနတ်တစ်ကမ်း လက်တစ်လှမ်း'၊ 'နေသာတဲ့နေ့ လသာတဲ့ည' ဇာတ်ကားများနှင့် ဗီဒီယိုဇာတ်ကားပေါင်းများစွာ ထွက်ရှိလာခဲ့သည်။

စာရေးဆရာတစ်ဦး သေဆုံးလျှင် စာပေလောက၏ ဆုံးရှုံးမှုဖြစ်သလို ဂီတသမားတစ်ဦး သေလျှင်လည်း ဂီတလောက၏ ဆုံးရှုံးမှုတစ်ခုဖြစ်သည်။ ထို့အတူ ရုပ်ရှင်လောကသားတစ်ဦး သေဆုံးလျှင်လည်း ရုပ်ရှင်လောကသားများအဖို့ ဆုံးရှုံးခြင်းတစ်ခုပင် ဖြစ်ပေသည်။

> ## ပြေငြိမ်း
> ### (ရုပ်ရှင်သရုပ်ဆောင်)
> ### အသက်(၂၉)နှစ်
>
> **သုခုမရုပ်ရှင် (ဦး ဖေသန်း၊ မောင်) ဒေါ်နန်း တို့၏ မြေး၊ ဒါရိုက်တာ ဦးမောင်မောင်မြင့် - ဒေါ်ခင်မမ တို့၏ သား၊ ဒေါ်မြင့်ကေသွယ်- ဗိုလ်မှူး ခမ်းအောင်၊ ဒေါ်မြင့် စန္ဒီ - Mr. D. Causseတို့၏ မောင်ဖြစ်သူ၊ ပြေငြိမ်းသည် ၁၂-၇-၉၀ နေ့ က ရုတ်တရက် ကွယ်လွန်ပါသဖြင့် သင်္ဂြိုဟ်မည့် ရက်ကို ထပ်မံ ကြေညာပါမည်။**
>
> **ကျန်ရစ်သူမိသားစု၊**

ပြေငြိမ်းသေဆုံးခြင်းကြောင့် သူ့အကြောင်းကို ဖော်ပြပါရှိသည့် မဂ္ဂဇင်း အတော်များများ ရောင်းအားကောင်း၍ စီးပွားဖြစ်ကုန်ကြသည်။ ထိုရက်ပိုင်း မဂ္ဂဇင်းများသို့ ကဗျာရေးပို့ရသည်မှာ ပျင်းရိစရာကောင်းလှသည်။ ပြေငြိမ်းသေဆုံးမှုသည် စာပေအဝန်းအဝိုင်းကို အတော်လေး ဂယက်ရိုက်သွားသဖြင့် စာပေနယ်မှ ကဗျာဆရာ၊ စာရေးဆရာ အတော်များများ၏ စာရေးခြင်းအလုပ် အနည်းငယ်တုံ့ဆိုင်းကုန်ကြသည်။

ထိုစဉ်က စာပေဝေဖန်ရေးများလည်း အတော်ပြင်းထန်နေချိန်ဖြစ်သည်။ ကဗျာဆရာတစ်ယောက်၊ စာရေးဆရာတစ်ယောက် မဂ္ဂဇင်းစာမျက်နှာပေါ်တွင် မှားယွင်းတိမ်းစောင်းစွာ ဖော်ပြမိလျှင် ယင်းစာရေးဆရာကို ဝေဖန်ရေးဆရာများက ဝိုင်းဖွဲ့ကြသည်။ ဝိုင်းတွယ်ကြသည်။

မဂ္ဂဇင်းထုတ်ဝေသူများကလည်း ဆော်သော၊ ကလော်သော ဝေဖန်ရေးဆောင်းပါးမျိုးကို မျှော်လင့်နေကြသည်။ ဝေဖန်ရေးဆောင်းပါးပေးပို့လာပါက ချက်ချင်း ပုံနှိပ်ဖော်ပြကြသည်။ စာပေစိစစ်ရေးကလည်း ယင်းဆောင်းပါးများကို စိစစ်ကန့်ကွက်ခြင်း မရှိချေ။ နိုင်ငံတော်ကို ထိခိုက်မှုမရှိလျှင် အားလုံးကို စာပေကင်းလွတ်ခွင့်ပေးကာ ပုံနှိပ်ဖော်ပြခွင့်ပြုထားသည်။

မဂ္ဂဇင်းထဲတွင် စာပေသမားတစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဝေဖန်ရေးသားကြပြီဆိုလျှင် ထိုမဂ္ဂဇင်း ရောင်းအားမြင့်လေဖြစ်သည်။ အများအားဖြင့် ဝေဖန်ရေးဆောင်းပါးများမှာ မဂ္ဂဇင်းရောင်းကောင်းစေဖို့ 'ပွဲဆူ'သည့် ဆောင်းပါးများ ဖြစ်နေသည်။ မဂ္ဂဇင်းများတွင်ပါသော ဝေဖန်ရေးဆောင်းပါးများအားလုံးကို မဆိုလိုပါ။ အချို့ဝေဖန်ရေးဆောင်းပါးများမှာ စာဖတ်သူအတွက် အကျိုးရှိကာ သမိုင်းမှတ်တမ်းအတွက် သေချာသိမ်းဆည်းထားရမည့် ဆောင်းပါးများလည်း ပါဝင်ပါသည်။

ထိုစဉ်ကာလက ကျွန်တော့်စိတ်ထဲတွင် စာပေဝေဖန်ရေးဆောင်းပါးများနှင့်ပတ်သက်ပြီး မန္တလေးမြို့တွင် အတူနေထိုင်ကြသည့် ဆရာနှစ်ဦးဖြစ်သည့် ဆရာကံချွန်နှင့် ဆရာကျော်စွာထက်တို့၏ အပြန်အလှန် ဝေဖန်ရေးဆောင်းပါးများကို ဖတ်ရှုခဲ့ရကာ အတော်စိတ်မကောင်းဖြစ်ရသည်။

ထိုဆရာနှစ်ယောက်နှင့် ကျွန်တော် လွန်စွာရင်းနှီးခင်မင်ပါသည်။ သူတို့နှစ်ဦး၏ အပြန်အလှန် ခုခံချေပသည့် ဝေဖန်ရေးဆောင်းပါးများကို ဖတ်ပြီး တစ်ချိန်က ဆရာဝင်းစည်သူအပေါ် ရေးခဲ့သော ကျွန်တော်၏ဝေဖန်ရေးဆောင်းပါးကို ပြန်လည်တွေးတောကာ နောင်တ အနည်းငယ်ရနေမိသည်။

ကျွန်တော်၏ငယ်စိတ်ဖြင့် သွေးဆူကာ ရဲတင်းပွင့်လင်းစွာ အားမနာတမ်း ရေးခဲ့သော ကျွန်တော်၏ရေးသားချက်များမှာ ကြမ်းရှနေသည်။ ကျွန်တော်၏ရေးသားချက်အပေါ် ဆရာဝင်းစည်သူဆီမှ မည်သည့်တုံ့ပြန်ချက်မျှ ပြန်မလာပါ။ ဆရာသည် သူ့အလုပ် သူလုပ်ပြီး သူ့စာသူရေးသူ ဖြစ်သည်။

ကိုကျော်စွာထက်နှင့်ပတ်သက်ပြီး တစ်ရက်တွင် ဆရာဝင်းစည်သူနှင့် ကျွန်တော် ထိပ်တိုက်တွေ့ဆုံဖို့အကြောင်းဖန်လာသည်။ အကြောင်းမှာ ကိုကျော်စွာထက်နှင့် လမ်းမှာတွေ့ပြီး သူ၏ ကျော်စွာထက်ဝတ္ထုတိုများ-၁ စာအုပ်နှင့် ဝတ္ထုတိုများ -၂ စာအုပ်များ ထုတ်ဝေဖြန့်ချိသဖြင့် သူနှင့်အတူ လူထုစာအုပ်တိုက်သို့ သွားကြခြင်းဖြစ်သည်။

ကိုကျော်စွာထက်၏ စာအုပ်များမှာ လူထုစာအုပ်တိုက်လိပ်စာဖြစ်သော်လည်း 'ထီးပေါင်းကား စာအုပ်တိုက်'မှ ထုတ်ဝေမည် ဖြစ်သည်။



# ဝိနယဓရပိဋကတ်တစ်ပုံဆောင် ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၂**

မဟာမြိုင်(၂)ရပ်ကွက်အတွင်း မဟာဝိဇယကျောင်းတိုက်မှ "ဝိနယဓရ" ပိဋကတ်တစ်ပုံဆောင် အရှင်ကောလာသအား ဂုဏ်ပြုပူဇော်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားသို့ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် ဗြဟ္မစိုရ်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခမထေရ်မြတ် အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်သည်။

အစီအစဉ်အရ မဟာဝိဇယ သာသနာပြုအကျိုးဆောင်လူငယ်များက ပန်းဖလားများ၊ဘွဲ့တံဆိပ်တော်များကိုင်ဆောင်၍ အရှင်ကောလာသအား အခမ်းအနားကျင်းပရာသို့ ထီးဖြူမိုး၍ ပင့်ဆောင်ကြသည်။ ထို့နောက် အခမ်းအနားကို ဘုရားကန်တော့ဖွင့်လှစ်ပြီး မျိုးမြန်မာ မြန်မာမှုတေးဂီတအဖွဲ့မှ ထူးမခြားနား သီချင်းဖြင့် ဂုဏ်ပြုပူဇော်သည်။

ယင်းနောက် ဧည့်ပရိသတ်တို့က ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော်ထံမှ သီလခံယူပြီး ဆရာတော်များ ရွတ်ဖတ်ပူဇော်သော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ဆက်လက်၍ အရှင်ကုဏ္ဍလ(သာသနဓဇ ဓမ္မာစရိယ)မှ အရှင်ကောလာသ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားလျှောက်ထားပြီး မြန်မာမှုတေးဂီတအဖွဲ့မှ မင်္ဂလာပိုဒ်စုံရတုဖြင့်လည်းကောင်း၊ မဟာဝိဇယဓမ္မစကြာအဖွဲ့မှ ဂုဏ်အပေါင်းဖြာတေးအလင်္ကာများဖြင့်လည်းကောင်း၊ ဂုဏ်ပြုရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် မဟာဝိဇယဆရာတော် ဘဒ္ဒန္တဝိစာရအရှင်မြတ်အမှူးပြုသော တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းက အရှင်ကောလာသအား နဝကမ္မအလှူငွေကျပ် ၈၅ သိန်းနှင့် သီးခြားအလှူရှင်များက နဝကမ္မအလှူငွေများ၊သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် ရဟန်းဒါယကာ ဦးကျင်မောင်+ရဟန်းဒါယိကာမ ဒေါ်နီလာသိန်း(သူရိယနဂါးရွှေဆိုင်)မိသားစုတို့က ပင့်သံဃာတော် ၃၇ ပါးတို့အား တစ်ပါးလျှင် သင်္ကန်းဒွိစုံတစ်စုံစီနှင့် နဝကမ္မငွေကျပ် ငါးသောင်းစီ ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် မဟာဝိဇယဆရာတော်ကြီးမှ ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားတွင် ကိုအေးသူအောင်(My Aye အိမ်ခြံမြေ)နှင့် ကိုကျော်ရဲလင်း(ကျော်အိမ်ခြံမြေ)+ မအေးသင်းကြည် မိသားစုတို့က အရဏ်ဆွမ်း၊ နေ့ဆွမ်းကပ်လှူပြီး ဧည့်ပရိသတ်တို့အား နံနက်စာ ထမင်းဟင်းမျိုးစုံတို့ဖြင့် ဧည့်ခံကျွေးမွေးကုသိုလ်ပြုကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၅၁)**



# ရုပ်ရှင်ကဏ္ဍ

## သူချစ်ခင်

ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ဒီတစ်ပတ်မှာတော့ ဟာသရုပ်ရှင်ဇာတ်ကားကိုမှ နှစ်သက်သူတွေအတွက်"သူချစ်ခင်" ရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

"သူချစ်ခင်"ဟာသရုပ်ရှင်ဇာတ်ကားကြီးဟာ ယခင်နှစ်က ပရိတ်သတ်တွေကြားမှာ နာမည်ကြီးပြီး လူကြိုက်များခဲ့တဲ့ "အိမ်ထောင်"ဇာတ်လမ်းတွဲမှာ ပါဝင်ခဲ့တဲ့ သရုပ်ဆောင်တွေအားလုံး ပြန်လည်ပါဝင်ထားပြီး အခုရုပ်ရှင်ဇာတ်ကားကတော့ ဇာတ်လမ်းတွဲတုန်းကလို ပူလောင်ရတဲ့ ဇာတ်လမ်းမျိုးမဟုတ်တော့ဘဲ ဟာသဇာတ်မြူးပုံစံ ရိုက်ကူးထားတာ ဖြစ်ပါတယ်။

"သူချစ်ခင်"ရုပ်ရှင်ဇာတ်ကားကြီးကို ဇာတ်ညွှန်း၊ ဒါရိုက်တာ မယ်မင်းဘုံ၊ အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေး၊ ဇာတ်လမ်း လူညီချောတို့က ရိုက်ကူးပုံဖော်ထားပြီး ရုပ်ရှင်သရုပ်ဆောင် ကျော်ထက်အောင်၊ ညီထွဋ်ခေါင်၊ ဗညားဘုန်းပြည့်၊ ချောရတနာ၊ ရတနာဗို၊ ထက်ထက်ထွန်း၊ သင်းသဲဗို၊ မေတိုးခိုင်တို့က အဓိကပါဝင် သရုပ်ဆောင်ထားပြီး အခြားနာမည်ကြီး ဟာသသရုပ်ဆောင်များစွာနဲ့ အတူ ဟာသရသမြောက်အောင် ရိုက်ကူးတင်ဆက်ထားပါတယ်။

"တစ်လောကလုံးက အမျိုးသားထုကြီးကလည်း သူချစ်ခင်မှ သူချစ်ခင်ပဲနော်" ဆိုပြီး မလောင်ဘဲ ရီမောပျော်ရွှင်ရမယ့် ဟာသဇာတ်ကားတွေကို ကြည့်ရှုရချင်ရင်တော့ မန္တလေးမြို့မှာဆိုရင်တော့ Mingalar Masoeyein Complex, Mingalar Central Point, Mingalar Cinema Yama(Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။




ရွှက်နုဝေ




# ပလတ်စတစ်လျှော့ချအသုံးပြုရေး အသိပညာပေး ဆောင်ရွက်

**ရေနံချောင်း အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ပလတ်စတစ်လျှော့ချအသုံးပြုရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇နာရီက မြို့မဈေး၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မြို့မဈေးရှိဈေးရောင်း၊ ဈေးဝယ်များအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပလတ်စတစ်အစား စက္ကူအင်ဖက်၊ ငှက်ပျောဖက်တို့အား အစားထိုးအသုံးပြုရန် အသိပညာပေးပြောကြားပြီး၊ လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။**(အောက်ပုံ) (၄၇၂)**



ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# မီးမြင့်မိုရ် ပူဇော်ပွဲ

* မိုးလကင်းလွတ် သီတင်းကျွတ်
ကောင်းကင်ထွင့်မှာ တိမ်ဖြူဆွတ် ။
လပြည့်ညမှာ ကြည်လင်စွာ
စန္ဒာလမင်း ထိန်ထိန်သာ ။

* နမော ဂုဏ်တော် ပွားပူဇော်
ဆီမီးတစ်ထောင် ထွန်းစို့နော် ။
တစ်တိုင်မှသည် တစ်တိုင်ကူး
ရင်ပြင်တော်မှာ အလင်းကွန့်မြူး ။

* နီ၊ ဝါ၊ ခရမ်း၊ ပန်းလိမ္မော်
ရောင်စုံမီးပုံး ထွန်းလို့ပျော် ။
သဒ္ဓါရွှင်မြူး ပီတိထူး
ဆီမီးကုသိုလ် ကြည်ညိုဖူး ။

* ဝါတွင်းသုံးလ မြတ်အဘိဓမ္မာ
မယ်တော်နတ်သားအား
ဟောညွှန်တာ။
အနန္တဂုဏ်အင် မွေးမိခင်
ကျေးဇူးဆပ်တဲ့ ဘုရားရှင် ။

* လူပြည်ပြန်ကာ ဆင်းလို့ကြွ
မြတ်ဗုဒ္ဓကို ပူဇော်ကြ ။
ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆက်ကပ်ကာ
ဆီးမီးထွန်းညှိ ကြိုဆိုတာ ။

* မီးမြင့်မိုရ်ပွဲ ပူဇော်နဲ့
ကျေးဇူးဆပ်တဲ့ သီတင်းကျွတ်ပွဲ ။
မိဘဆရာ ကျေးဇူးမြတ်
အထူးသိတတ် ပြန်ပေးဆပ် ။
သီတင်းကျွတ်လချိန်ခါမြတ် ။ ။

ခင်ဆွေလှိုင်(ပန်းချီ)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့ ။

# သတင်းပဒေသာ

## သန်းခေါင်စာရင်းဆက်လက်ကောက်ယူလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၌ သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်များသည် ယနေ့နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ကောက်ယူလျက်ရှိကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သန်းခေါင်စာရင်းကောက်ယူမှု ၈၀ ရာခိုင်နှုန်းပြီးစီး

နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ပြီး စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ရရှိရန်အတွက် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ပေါ် ရပ်ကွက်များ၌ အောက်တိုဘာလ ၁ ရက်မှ ၁၁ ရက်အထိ သန်းခေါင်စာရင်းကောက်ယူမှု ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## နေကြာမျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစုလီမိတက် ပံ့ပိုးငွေဖြင့် ဆောင်းသီးနှံ နေကြာစိုက်ပျိုးသော အသင်းသားတောင်သူများအတွက် နေကြာမျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားပြီးနောက် မြို့သာယာလှပရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ တင်ကျန်ရစ်သော ရွံ့နွံများ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နေ့လယ်ပိုင်း၌ အောင်မြတ်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှစတင်၍ စာရင်းကောက်ယူလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက (၁၁)မြောက်နေ့အဖြစ် မြို့မရပ်ကွက်နှင့် ကျောင်းတွင်းရပ်ကွက်တို့တွင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဆန်နှင့် စားသုံးဆီများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊တောင်တွင်းကြီးမြို့နယ်၊ အုန်းတော(၂)ရပ်ကွက် မင်းကွန်းကျောင်းတိုက်ဝန်းအတွင်း ယနေ့ နံနက် ၇နာရီက ဧည့်မထဆန်နှင့် စားသုံးဆီများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ ကြီးကြပ်၍ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် ဆန်ကုန်သည်များ၊ ဆီကုန်သည်များမှ ပူးပေါင်း၍ တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည် ငွေကျပ် ၃၂၀၀ နှုန်း၊ ဆီ ၅၀ကျပ်သား ငွေကျပ် ၃၈၀၀ နှုန်းဖြင့် အုန်းတော(၂)ရပ်ကွက်ရှိ အိမ်ထောင်စု ၂၅၀ စုအား ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများက လာရောက်ဝယ်ယူခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒက္ခိဏာရာမ ဘုရားကြီးတိုက် သက်တော်ရှည် ဆရာတော်ကြီးများ ပူဇော်ကန်တော့ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမ ဘုရားကြီးတိုက် နှစ်စဉ်ကျင်းပမြဲဖြစ်သော (ဒ္ဒါဒသမ)အကြိမ်မြောက် သက်တော်ရှည် ဆရာတော်ကြီးများ ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၁၀ရက် ညနေ ၄နာရီတွင် ဦးပွားဘုရားဝင်းအတွင်းရှိ သာသနဝိပုလသိမ်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီးနောက် သက်တော်ရှည် ဆရာတော်ကြီးများအား ကျောင်းထိုင်ငယ်များ၊ ခန်းနေသံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများက ဩကာသကန်တော့ချီးဖြင့် ရှိခိုးကြရန် လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ (မဟာသဒ္ဓမ္မဇောတိကဓဇ)မှ လျှောက်ထားပြီး ဆရာတော်များမှ သဗ္ဗီတိယော ဝိဝဇ္ဇန္တု အစချီသော ဂါထာဖြင့် ဆုချီးမြှင့်ပေး၍ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် နယားကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒိယမှ ဩဝါဒဂါထာ မိန့်ကြားပေးတော်မူသည်။ ဆက်လက်၍ ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မင်းသာကျောင်းဆရာတော် ဘဒ္ဒန္တဇဝန(ပရိယတ္တိသာသနဟိတ၊ ဒီဃနိကာယ ဘာဏကာ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)က ကျေးဇူးတင်မြောက်ကြောင်း စကားလျှောက်ထား၍ ဒုတိယအတွင်းရေးမှူး၊ တိုင်းချစ်ကျောင်း ဆရာတော် ဘဒ္ဒန္တကောသိရာဇ(မဟာဂန္ထဝါစကပဏ္ဍိတ၊ တွဲဖက်ပါမောက္ခ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မန္တလေး၊ ပါမောက္ခ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပါဠိတက္ကသိုလ် နေပြည်တော်)က ရသုံးမှန်းခြေငွေစာရင်းရှင်းတမ်းကို လျှောက်ထားပြီးနောက် သက်တော်ရှည်ဆရာတော်ကြီးများအား ဦးပွားဘုရားဂေါပကအဖွဲ့နာယက ဆရာကြီး ဦးတင်မောင်(သူရိန်နန်း)၊ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အတွင်းရေးမှူး ဦးထွန်းဝင်းတို့ ဦးဆောင်၍ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။



ထို့နောက် သက်တော်ရှည်ဆရာတော်ကြီး အောင်မြေကျောင်းတိုက် ဘဒ္ဒန္တဝါယမမှ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်ချတရားချီးမြှင့်ပေးတော်မူကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၄၆)**

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်



**မန္တလေး အောက်တိုဘာ ၁၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တကောသဝ(ဓမ္မာစရိယ၊ B.A) အရှင်မြတ်ထံမှ အလှူရှင်မိသားစုက ကောင်းမှုကုသိုလ်အစုစုတို့အတွက် ဟောကြားချီးမြှင့်သော ရေစက်ချ အနုမောဒနာတရားကို နာယူကြည်ညိုကြပြီး ဖခင်ကြီး ဦးဘိုကေ၊ မိခင်ကြီး ဒေါ်တင်မေ၊ ဘကြီး ဦးစံရ၊ အဒေါ် ဒေါ်လှမြိုင်၊ ဦးလေး ဦးတင်မောင်(ကြေးကုန်သည်)တို့အား ရည်စူး၍ မန္တလေး၊ တမ္ဗဝတီ၊ ကြေးသွန်းရပ်နေ ဦးမြင့်ဦး(ကြေးကုန်သည်)နှင့် မောင်နှမတစ်စုတို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် သိန်း(၃၀)ကို လှူဒါန်းရာ ဥပဋ္ဌာကက အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

ဆက်လက်၍ အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ ဆရာတော်၊ သံဃာတော်များအား နဝကမ္မအလှူငွေနှင့်တကွ လှူဖွယ်ပစ္စည်းများအား တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၃၆)**

## အသက်(၁၀၀)နှစ် အထက်သက်ကြီးဘိုးဘွား ၁၈ ဦးအား ထောက်ပံ့ငွေပေးအပ်

**သရက် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် အသက်(၁၀၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများရှိ ဘိုးဘွားများ၏ လက်ဝယ်အရောက်သွားရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ငွေများပေးအပ်ရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ အသက် ၁၀၀နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၈ဦးအား တစ်ဦးလျှင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ် ၅၀၀၀၀ နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ ထောက်ပံ့သည့် ငွေကျပ် ၁၀၀၀၀၊ စုစုပေါင်း တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် သက်ကြီးဘိုးဘွား ၁၈ ဦးအတွက် စုစုပေါင်း ထောက်ပံ့လှူဒါန်းငွေကျပ် သိန်း ၁၀၈၀၀၀၀ အား အဘိုးအဘွားများ၏ လက်ဝယ်အရောက်အိမ်တိုင်ရာရောက် သွားရောက် ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စာစာ(အထက်မင်းလှ)**



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်နှင့် အလှူငွေ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ ၃၂ လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊ ၃၂လမ်း မလွန်ဈေးဆန်လှူအသင်းကြီးမှ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ဆယ်သိန်းနှင့် ဆန်ငါးတင်းတို့အား ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၄၀၂၆၂၆၃၂၄သို့ တိုက်ရိုက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ) (ကဆ)**

# သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မန္တလေးမြို့

သိန်းဝင်းလှိုင်(နန်းရှေ့)

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် သီတင်းကျွတ်လသည် မီးထွန်းပွဲတော်ကျင်းပသည့် အခါသမယ ဖြစ်ပါသည်။ မိုးလေကင်းစင်၍ ဆောင်းရာသီသို့ ဝင်လုဆဲဆဲဖြစ်သဖြင့် ခြေခင်းလက်ခင်း သာယာပြီး အပူအအေးမျှတသော ကာလဖြစ်သောကြောင့် နေထိုင်လို့ကောင်းသော ကာလဖြစ်တော့သည်။



မီးထွန်းပွဲတော်ကျင်းပရသည့် အကြောင်းအရင်းမှာ မြတ်စွာဘုရားသခင်သည် တာဝတိံသာနတ်ပြည်မှ မယ်တော်မိနတ်သားကို ဝါတွင်းကာလ သုံးလပတ်လုံး အဘိဓမ္မာတရား ဟောတော်မူရာ မယ်တော်မိနတ်သားနှင့် နတ်ဗြဟ္မာအားလုံး ပါရမီအရင့်အကျက်အလိုက် သောတပန် သကဒါဂမ်၊ အနာဂမ်၊ ရဟန္တာပုဂ္ဂိုလ်များအဖြစ် ရောက်ရှိသွားကြသည်။ ဘုရားရှင်သည် မိဘကို ကျေးဇူးဆပ်လိုသဖြင့် အဘိဓမ္မာတရားကို ဟောကြားခြင်း ဖြစ်သည်။ အဘိဓမ္မာတရားဟောကြားပြီးနောက် သီတင်းကျွတ်လပြည့်နေ့ ညချမ်းအချိန်တွင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်တော်မူခဲ့သည်။ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖြင့် နတ်ဗြဟ္မာများ ခြံရံပြီး သင်္ကဿနဂိုပြည်သို့ ဆင်းသက်တော်မူခဲ့ရာ ရှင်သာရိပုတ္တရာ အမှူးပြုသော ရဟန်းရှင်လူတို့က ရှိသေလေးမြတ်စွာ ကြိုဆိုခဲ့ကြသည်။ ထိုအကြောင်းကို အစွဲပြု၍ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် သီတင်းကျွတ်လပြည့်နေ့ညတွင် မြတ်စွာဘုရားအားရည်မှန်း၍ မီးထွန်းပွဲတော် ကျင်းပကြခြင်း ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ညတွင် တောရောမြို့ပါမကျန် တစ်နိုင်ငံလုံး သူ့ဒေသအလိုက် မီးထွန်းပွဲ၊ မီးမျှောပွဲများ ကျင်းပခဲ့ကြသည်။ တန်ခိုးကြီးဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ရပ်ကွက်ဓမ္မာရုံများတွင် ဘုရားရှင်အား ရည်မှန်း၍ ဆီမီးထွန်းပူဇော်ကြသည်။ ယခင်က သီတင်းကျွတ်လပြည့်နေ့ညတွင် မီးထွန်းပူဇော်ခဲ့ကြသော်လည်း ယခုအခါ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ သီတင်းကျွတ်လပြည့်နေ့၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ သုံးရက်တိုင်တိုင် ပူဇော်ကြကြောင်း တွေ့ရသည်။ မန္တလေးမြို့သည် ဘာသာရေးအထူးအလေးထားသည့် မြို့တော်ဖြစ်သည်နှင့်အညီ သီတင်းကျွတ်လဆန်းမှစ၍ ဘုရားသုံးဆူ၊ လမ်းလယ်ဘုရား၊ ရှင်ဘိုမယ်ဘုရား၊ သကျာသီဟဘုရား၊ အိမ်တော်ရာဘုရား၊ ရတနာမဥ္ဇူဘုရားများတွင် သူ့ရက်အလိုက် အငြိမ့်ပွဲများ၊ တီးဝိုင်းများထည့်ပြီး သီတင်းကျွတ်မီးထွန်းပွဲများ ကျင်းပခဲ့ကြသည်။ သီတင်းကျွတ်လဆန်း ၁၃ ရက်မှစ၍ ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရားများတွင် မီးထွန်းပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ တီးဝိုင်းများထည့်၍ မီးထွန်းပွဲလာ ပြည်သူများကို ကြည့်ရှုစေခဲ့ကြသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်များဖြစ်ကြသော ကျွဲရေကုန်း၊ မဲကင်းကုန်းစသည့် ရွာများမှ ပြည်သူများကလည်း ဆွမ်းတော်ပွဲကိုယ်စီ သယ်ဆောင်လျက် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညနေတွင် ကုသိုလ်တော်ဘုရားသို့ လာရောက်ကပ်လှူခဲ့ကြသည်။ မိမိတို့ရွာမှ ဘုရားသို့ တိုင်အောင် ခြေကျင်လျှောက် ယူဆောင်လာခဲ့ကြပြီး ရွာမှကာလသားများက အိုးစည်၊ ဒိုးပတ်တို့ဖြင့် တစ်လမ်းလုံးတီးမှုတ်လိုက်ပါလာခဲ့ကြရာ ရပ်ကွက်ပြည်သူများက အဖျော်ယမကာများ ကျွေးမွေး၍ ကြိုဆိုခဲ့ကြကြောင်း မြင်တွေ့ခဲ့ရသည်။

သီတင်းကျွတ်လဆန်း ၁၄ ရက်မှစတင်၍ ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရားများနှင့် မန္တလေးတောင်ပေါ်ရှိ ဘုရားများကို လျှပ်စစ်မီး၊ ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြလျက် ကျုံးမြို့ရိုးပတ်လည်မှလည်း လျှပ်စစ်မီးများ ထွန်းလျက်ရှိရာ ကျုံးအရှေ့ဘက်မျက်နှာမှ မျက်နှာမူလျက် မန္တလေးတောင်နှင့် ဘုရားများရှိရာသို့ ကြည့်ရှုပူဇော်ခဲ့ကြသည်။ အလွန်လှပကြည်ညိုဖွယ်ကောင်းသော မြင်ကွင်းကို မန္တလေးသူ၊ မန္တလေးသားများ ဖူးမြော်ကြည့်ရှုရင်း ပီတိပွားခဲ့ကြရသည်။ ဤဘုရားများကို တည်ထားကိုးကွယ်ခဲ့သော မင်းတုန်းမင်းတရားကြီးနှင့် ခေတ်အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော ပုဂ္ဂိုလ်များကို အထူးပင် ကျေးဇူးတင်ထိုက်လှပေသည်။ "ရေးစာဆိုတို့ကလည်း" ကြာငါးမည် ကြိုင်သင်း၊ လျှံဝင်းလို့ ပြောင်ထိန်၊ ရွှေနန်း တောင်တော်ဦးမှာ ကွန့်မြူး၊ မြင့်မိုရ်မီး၊ ညီတဲ့ခါချိန်၊ ရှိုဦးငယ်နှိမ်၊ သုံးကြိမ်ရို့ပြောင်း၊ သဏ္ဍာစ္စဂါရဝါနှင့် စဉ်အလာပူဇော်ပွဲ နွဲ့ကြပေတော့" ဟု သီတင်းကျွတ်လ၏ သဘာဝကို ဖွဲ့ဆိုခဲ့ကြသည်။

မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များတွင်လည်း မိမိတို့ အိမ်ရှေ့မျက်နှာစာများ၊ သစ်ပင်ပန်းပင်များတွင် မီးပုံးများကို အလှဆင်ကြ၍ ထွန်းညှိပူဇော်ခဲ့ကြသည်။ လူငယ်လူရွယ်များကလည်း မီးပုံးပျံလွှတ်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြသည်။ "**ဆီမီးဝါထိန်ထိန်လင်း၊ သီတင်းကျွတ်တူရာသီ**" ဆိုသည့် စာဆိုနှင့်အညီ မြို့လုံးကျွတ်၊ ရွာလုံးကျွတ် သီတင်းကျွတ် မီးထွန်းပွဲကို ကျင်းပခဲ့ကြကြောင်း မြင်တွေ့ခဲ့ရသည်။ မြစ်နားချောင်းနားရှိ ဒေသများတွင်လည်း မီးကြာများမျှော၍ ပူဇော်ခဲ့ကြသည်။ တောရွာများတွင်လည်း ဘုရားစေတီများ၏ ပစ္စယံအဆင့်ဆင့်တွင် ဆီမီးများ အစီအရီထွန်းညှိပူဇော်ခဲ့ကြသည်။ ရွာဦးကျောင်းများတွင်လည်း ဆီမီးများ ထွန်းညှိပူဇော်ကြလျက် ကိုရင်ကြီးများနှင့် ကျောင်းသားကြီးများက ကြိုးမှူး၍ မီးပုံးပျံများ လွှတ်တင်ကြသည်။ တာဝတိံသာနတ်ပြည်ရှိ မြတ်စွာဘုရား၏ ဆံတော်ဌာပနာထားသော စူဠာမဏိစေတီတော်ကို ရည်မှန်းပူဇော်ပြီး မီးပုံးများလွှတ်တင်၍ ပူဇော်ခဲ့ကြသည်။

သားသမီး၊ မြေး၊ မြစ်တို့ကလည်း မိဘဘိုးဘွားဦးကြီးဦးလေးများကို မိမိတတ်စွမ်းသလောက် ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ ရပ်ဝေးဒေသသို့ ရောက်ရှိနေကြသော သားသမီးများက သီတင်းကျွတ်လရောက်ပြီဆိုလျှင် ခွင့်ရက်များယူ၍ မိမိတို့ဒေသရှိ ဘုရားများကို ဖူးမြော်ပြီး မိဘဘိုးဘွားတို့ကို လာရောက်ကန်တော့ကြပြီး ဘဝအမောများကို ဖြေပျောက်ခဲ့ကြသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်သည် ရတနာ (၃)ပါးနှင့် မိဘဆရာများအား မမေ့မလျော့သော စိတ်စေတနာတို့ဖြင့် ကန်တော့ကာ မီးထွန်းညှိပူဇော်ကြသည့်ကာလ ဖြစ်ပေသည်။

# ငါးပါးပဥ္စသီလစောင့်ထိန်းကြမည်

ပါမောက္ခ ဒေါက်တာမင်းတင်မွန်၏ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော အဘိဓမ္မာ စာအုပ်တွင် စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့အကြား ဘဝင်စိတ်တစ်ခု၏ အလျင်နှုန်းကို တစ်စက္ကန့်လျှင် $1\times10^{28}$ Meter ဟု ဖော်ပြထားရာ အလင်း၏ အလျင်ဖြစ်သော တစ်စက္ကန့်လျှင် $3\times10^{8}$ Meter ထက်ပင် အဆပေါင်းများစွာ ပိုမိုလျင်မြန်လှသည်ကို တွေ့မြင်နိုင်သည်။ အသံ၏ အလျင်မှာ တစ်စက္ကန့်လျှင် ၃၄၃ ဒသမ ၂ မီတာသာ သွားနိုင်ရာ မြင်သာသော ဥပမာအနေဖြင့် မိုးကြိုးပစ်၍ အလင်းကို အရင်မြင်ရပြီး အချိန်အနည်းငယ်ကြာမှ အသံကြားရခြင်းဖြစ်သည်။ ထိုသို့ဆိုလျှင် အဘိဓမ္မာသဘောအရ စုတိစိတ်ဖြစ်ပေါ်ချိန်တွင် သုဂတိကိုမြင်မှ သုဂတိဖြစ်နိုင်ပေမည်။ လူသားတို့သည် ကာမဘုံသားများ ဖြစ်သည်နှင့်အညီ ဥပါဒါန်ဟုခေါ်သော အစွဲကကြီးလှသည်။ ငါဆိုသော အတ္တကို ပယ်သက်ရန် အလွန်ခက်ခဲလှသည်။ ငါ့သား၊ ငါ့သမီး၊ ငါ့ဥစ္စာ၊ ငါ့တပည့်၊ ငါ့ခွေးလေး၊ ငါ့ကြောင်လေး စသည့်ဖြင့် အစွဲအလမ်းများသာ ဖြစ်ပေါ်တတ်ကြပေရာ ကုသိုလ်တရားတစ်ခုခုကို ပြုဖူးခဲ့လျှင် တစ်နည်းအားဖြင့်ဆိုသော် ငရဲအားရောက်နိုင်သော အကုသိုလ်ကံမကြီးမားခဲ့သေးလျှင် ထိုအချိန်တွင် စွဲလန်းသော ဥပါဒါန်ဖြင့် ခွေးလေးအပေါ်၌ စိတ်ရောက်ပါက ခွေးမ၏ ဝမ်းတွင် ပဋိသန္ဓေတည်ရ၏။ မိမိနွားအပေါ် စိတ်ရောက်ပါက နွားမဝမ်း၌ ပဋိသန္ဓေတည်ရ၏။ သား၊ သမီးတို့အား စိတ်ရောက်ပါက လူအမျိုးသမီး၏ဝမ်း၌ ပဋိသန္ဓေ တည်ရလေတော့သည်။ ထိုသို့ မဟုတ်ဘဲ နတ်ဘုံနတ်နန်းများနှင့် နတ်သား၊ နတ်သမီးတို့အား မြင်လျှင် နတ်တို့ဘဝ၌ ပဋိသန္ဓေစိတ်ဖြစ်ပြီးလျှင် ပဋိသန္ဓေနေရခြင်းကင်း၍ အသက် ၁၆ နှစ်အရွယ် နတ်သား နတ်သမီးဘဝသို့ ဘွားကနဲ ရောက်ရှိကြလေသည်။ ထိုသို့ဆိုပါလျှင် သေခြင်း၏ အခြားမဲ့၌ ကောင်းရာသုဂတိ ရောက်လိုပါလျှင် ကုသိုလ်တရားသည် အလွန်အရေးပါလှကြောင်း စာရှုသူတို့သဘောပေါက်မည်ဖြစ်ပါသည်။ ကုသိုလ်တရားဆိုရာ၌ ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက် ရချင်မှရသည်။ ညောင်စေ့လောက်လှူလည်း ညောင်ပင်ကြီးလောက် ရချင်ရနိုင်သည်။ စိတ်ထားသည်သာ အရေးကြီးဆုံး ဖြစ်သည်။ မိမိအတွက်ဟူသော အတ္တစိတ်ကိုပယ်ခွာ၍ အများအကျိုးဟူသော စိတ်ကို မွေးနိုင်လေ ကုသိုလ်အကျိုးတရားသည် ကြီးမားလေဖြစ်သည်။ ထိုနေရာ၌ လောကီလူသားတို့အနေဖြင့် လောကီဘုံတွင် ကျင်လည်နေရသည်ဖြစ်၍ အကုသိုလ်စိတ်တွေ အတ္တစိတ်တွေ ဖြစ်မိမည်၊ ပြုလုပ်မိမည်မှာ မလွဲကေန်ဖြစ်ရာ ကုသိုလ်တရား အနည်းအကျဉ်း ရှိနေယုံမျှဖြင့် ကောင်းရာသုဂတိသို့ ရောက်ရှိနိုင်ပုံကို ဘာသာခြားဖြစ်သော မိလိန္ဒမင်းကြီးက နားမလည်သဖြင့် မေးလျှောက်ခဲ့ရာ အရှင်နာဂသိန် ရဟန္တာမထေရ်မြတ်ကြီးက ကျောက်စရစ်ခဲအား ရေထဲသို့ပစ်ချပါက မြုပ်သွားမည် ဖြစ်သော်လည်း ကုသိုလ်တည်းဟူသောလှေဖြင့် တင်လိုက်သောအခါ လှေပေါ်ပစ်ချလိုက်ပါက ကျောက်စရစ်ခဲသည် မမြုပ်သကဲ့သို့ပင်တည်းဟု ဖြေကြားခဲ့လေသည်။ ထို့ကြောင့် မိမိအတွက်တည်းဟူသော အတ္တစိတ်ကို နည်းသမျှနည်းအောင်ပြုပြီး အများအတွက်ဟူသော ပရဟိတအကျိုးကိုဆောင်လျှင် ပရဟိတစိတ်ကို မွေးမြူ၍ ကုသိုလ်ပြုလျှင် ကုသိုလ်တရား၏ အကျိုးသည် ကြီးမားလာမည်ဖြစ်ပါသည်။ အရှင်နာဂသိန်မထေရ်မြတ်ကြီး ဟောသကဲ့သို့ ကျောက်စရစ်ခဲတည်းဟူသော အကုသိုလ်များသည် လှေတည်းဟူသော ကုသိုလ်တစ်ခုက ဝင်ရောက်ကာဆီးပေးလိုက်ခြင်းဖြင့်၍ ရေသို့မမြုပ်နိုင်သကဲ့သို့ ကုသိုလ်အနည်းငယ်ဖြင့်လည်း ကောင်းရာသုဂတိစံနိုင်ကြသည်ကို သဘောပေါက်ကြရမည် ဖြစ်ပေသည်။

ထိုသို့ဆိုလျှင် ပရဟိတစိတ်ဖြင့် ကုသိုလ်အများဆောင်ရွက်ရာတွင် ထိုကဲ့သို့ ကုသိုလ်တရားအားဆောင်ရွက်၍ရသော ချမ်းသာသုခသည် သေခြင်း၏ အခြားမဲ့၌ ကောင်းရာသုဂတိ နိမိတ်ကိုသာ ဆောင်၍ ကောင်းရာသုဂတိသို့သာ ဆောင်ယူသွားလိမ့်မည် ဖြစ်သည်ကို ယုံမှားဖွယ်မရှိပါသဖြင့် ပရဟိတအကျိုးကိုသာ ရည်ရွယ်ကြ၍ ပရဟိတစိတ်ဖြင့်သာ ကုသိုလ်ကောင်းမှုများကို မပြတ်ပြုသင့်ကြပါသည်။

အလျဉ်းသင့်၍ ရေးသားတင်ပြလိုသည်မှာ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည်။ ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့ လိုက်နာစောင့်ထိန်းရမည့် အခြေခံသီလ ဖြစ်သည်။ ယခုအခါ ဗုဒ္ဓဘာသာနိုင်ငံမဟုတ်သော်လည်း အဆိုပါ ကံငါးပါး၊ သီလငါးသွယ်အား စောင့်ထိန်းနေကြသည်ကို တွေ့မြင်ရပြီး ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ငါးပါးသီလကို အလွယ်တကူ ချိုးဖောက်နေကြသည်မှာ ဝမ်းနည်းဖွယ်ရာ ကောင်းလှပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံလို နိုင်ငံမှာပင် ငါးပါးသီလကို တတ်နိုင်သ၍ စောင့်ထိန်းကြသည်။ Food Box လိုမျိုး၊ လူစောင့်မထားသော သတင်းစာအရောင်းဆိုင်လိုမျိုး စသည်ဖြင့်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံမှာတော့ ဘာမျှကြာရှည်လုပ်မရ၊ ခိုးခံနေတာနှင့်ကုန်မည် ဖြစ်သည်။ သောက်ရေအိုးစဉ်လိုမျိုးနေရာတွင်ပင် ခွက်ပျောက်၍ သံကြိုးနှင့် ချိတ်ထားရသည့်အဆင့်မှာ ရှက်ဖွယ်တိတိ ဖြစ်သည်။

ထို့ကြောင့် ကုသိုလ်တရားနှင့် အကုသိုလ်တရားများ၏ အကျိုးအပြစ်များကို ခွဲခြားသိမြင်ကြ၍ မကောင်းသည့် သီလချိုးဖောက်မှုများကို မပြုလုပ်ခြင်းဖြင့် အကုသိုလ်မဖြစ်စေဘဲ ပရဟိတစိတ်မွေးမြူ၍ ရနိုင်သမျှ ကုသိုလ်ပြုခြင်းဖြင့် ဗုဒ္ဓဘာသာဝင်ကောင်းများဖြစ်ကြပါစေကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

မောင်မောင်စွယ်စုံထွန်း



## ပျော်ဘွယ်မြို့နယ်တွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြို့နယ်အတွင်းရှိ သမဝါယမအသင်းသား နေကြာစိုက်တောင်သူများ တွေ့ဆုံပွဲကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၁၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြို့နယ်အတွင်းရှိ သမဝါယမအသင်းသား နေကြာစိုက်တောင်သူများ တွေ့ဆုံပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီက ပေကုန်းကျေးရွာတွင် ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် နေကြာစိုက်တောင်သူငါးဦး တို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်ပြည့်စိုးက နိုင်ငံတော်အနေဖြင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ နေကြာစိုက်တောင်သူ သမဝါယမအသင်းသားများအနေဖြင့်လည်း မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေးနှင့် လိုအပ်သည့် သွင်းအားစုများကို ဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် သမဝါယမအသင်းသား နေကြာစိုက်တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ညွှန်ကြားရေးမှူး ဦးအောင်ပြည့်စိုးနှင့် မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန၊လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းတို့က ဆောင်ရွက်ပေးမည့်အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး အသင်းသား နှစ်ဦး၏ နေကြာစိုက်ပျိုးရန် မြေယာပြုပြင်မည့် မြေကွက်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**




## မိုင်းပျဉ်းမြို့နယ်ရှိ ဝမ်တာခက်တံတားသို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိုင်းပျဉ်း အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်ရှိ ဝမ်တာခက်ကျေးရွာအုပ်စု၊ ဝမ်တာခက်ကျေးရွာရှိ ဝမ်တာခက်တံတားသို့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာဝန်ရှိသူများက အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဝမ်တာခက်ကျေးရွာအုပ်စု၊ ဝမ်တာခက်ကျေးရွာမှ အရှည်ပေ(၄၄၀)ရှိ ဘေလီသံဘောင်တံတားသည် မိုင်းပျဉ်း-မက်မန်းလမ်းမပေါ်တွင် တည်ရှိပြီး ၂၀၀၉ ခုနှစ်မှစတင်၍ အသုံးပြုခဲ့ရာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် (၂၂-၈-၂၀၂၄) ရက်တွင် တံတား၏ ကွန်ကရစ်ရေလယ်တိုင်အမှတ်(P3) အောက်ခြေတွင် ရေတိုက်စားနိမ့်ကျကာ နမ့်ခချောင်းအတွင်းသို့ လဲကျသွားခဲ့မှုနှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေးအတွက် တံတားအထူးအဖွဲ့(၁၂)မှ ရေလည်တိုင် Pier P2 bailey နှင့် Top Beam ဖြင့် ထပ်မံချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး လတ်တလောတွင် လူနှင့်ဆိုင်ကယ်(ဆိုင်ကယ်ဆင်းတွန်း) ဖြတ်သန်းသွားလာနိုင်ခြင်း နံနက်၆ နာရီမှ ညနေ ၆ နာရီအတွင်းသာ ဖြတ်သန်းသွားလာခွင့်ပြုထားခြင်း အခြေအနေများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် လမ်းဦးစီးဌာန ဒုတိယပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ)တို့က ကွင်းစစ်ဆေး၍ လိုအပ်သည်များ မှာကြားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



## မိုင်းယောင်းမြို့၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ညနေ ၃ နာရီတွင် ခရိုင်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ခရိုင်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

ထို့နောက် ညနေ ၄ နာရီတွင် ခရိုင်၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၅၀၅)

## နတ်မောက်မြို့နယ်၌ စက်ယန္တရားဖြင့် ရေစီးရေလာကောင်းမွန်ရေး မြေသားမြောင်းများ တူးဖော်

**နတ်မောက် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မိုးတွင်းကာလ ရေကြီးရေလျှံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်ရေး မြေသားမြောင်းများ တူးဖော်ဆောင်ရွက်ခြင်းကို စက်ယန္တရားများဖြင့် ယမန်နေ့ နံနက်ပိုင်းတွင် တမာပင်ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းအနီး ဆောင်ရွက်လျက်ရှိသည်။



မြို့ပေါ်ရပ်ကွက်များ သန့်ရှင်းသာယာလှပရေး၊ ကျန်းမာရေး ညီညွတ်စေရန်အတွက် ခြင်ပေါက်ပွားမှု ဖြစ်စေနိုင်သော ရေဆိုးရေညစ်များနှင့် မိုးရာသီတွင် ရေစီးရေလာကောင်းမွန်စေရန် ပိတ်ဆို့နေသော အမှိုက်များ၊ ချုံနွယ်များ ရှင်းလင်းခြင်း လုပ်ငန်းများအား အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ မိုးတွင်းကာလတွင် ရပ်ကွက်နေ ပြည်သူများ၏ နေအိမ်ဝိုင်းများအတွင်း ရေဝင်ရောက်မှု မရှိ စေရန် မြေသားရေနုတ်မြောင်းများကို အဖွဲ့ပိုင်စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူထံက သိရသည်။

(အပေါ်ပုံ) **မူမူစန်း**

## ရေဘေးသင့်ပြည်သူများအား မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ ရေဘေးသင့်ပြည်သူများအား မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်ဘုရားငါးဆူစေတီတော်မြတ်ကြီးအတွင်း၌ ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါ်ချောခင်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး မြို့ပေါ်ရပ်ကွက် (၃) ရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများအား ဆေးခြင်ထောင်၊ ကာဗွန်လင်၊ စောင်၊ Individual Hygiene Kit နှင့် Dignity Kit ပစ္စည်း (၅) မျိုးတို့အား မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လက်ဝယ်အရောက်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



ရောဂါကင်းစင် စိတ်လန်းရွှင် အမြင်လည်းလှ သန့်ရှင်းကြ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များသို့ သွားရောက်ကြည့်ရှုအားပေး၍ အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ယနေ့ နံနက်ပိုင်းတွင် မှော်ဘီမြို့နယ်ရှိ မော်ပီဆရာသိန်းစာကြည့်တိုက်၊ တိုက်ကြီးမြို့နယ်ရှိ အင်္ဂလာရပ်ကွက် ပညာ့အလင်းစာကြည့်တိုက်နှင့် ဥက္ကံမြို့ရှိ ကောင်းသန့်စာကြည့်တိုက်တို့သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင် နှင့်အတူ ပဲခူးတိုင်းဒေသကြီး သုံးဆယ်မြို့ရှိ ပီမိုးနင်းစာကြည့်တိုက်သို့ လည်းကောင်း သွားရောက်ကြည့်ရှုအားပေး၍ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သုံးဆယ်မြို့ရှိ ပီမိုးနင်းစာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

## ပေးအပ်လှူဒါန်း

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မှော်ဘီမြို့ရှိဆရာကြီး မော်ပီဆရာသိန်းအား ဂုဏ်ပြုသောအားဖြင့် တည်ဆောက်ထားသည့် မော်ပီဆရာသိန်းစာကြည့်တိုက်သို့ရောက်ရှိ၍ မြို့မိမြို့ဖများ၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီများနှင့် တွေ့ဆုံကာ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာစေရေး၊ လူငယ်များစာပေဖတ်ရှုလေ့လာ၍ အသိပညာဗဟုသုတတိုးပွားရန် ဆောင်ရွက်ပေးသင့်သည့်အခြေအနေများကို ဆွေးနွေးပြောကြားကာ စာကြည့်တိုက်အတွက် အလှူငွေကျပ်သိန်း ၂၀ နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ မော်ပီဆရာသိန်း စာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏မတည်ငွေနှင့် မြို့မိမြို့ဖများ၏ ထည့်ဝင်ငွေတို့ဖြင့် ၂၀၁၃ ခုနှစ်တွင် ငွေကျပ် ၃၅၉ သိန်း အကုန်ကျခံ တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် တိုက်ကြီးမြို့နယ် အင်္ဂလာရပ်ကွက်တွင် တည်ဆောက်ထားသည့် ပညာ့အလင်းစာကြည့်တိုက် ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများအား ပြည်သူများ အသိပညာမြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း အသိပညာမြင့်မားတိုးတက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာပေလေ့လာဖတ်ရှုသူဖြစ်မှသာ လမ်းလျှောက်နေသည့် လူနှင့်တူသည်ဟု လမ်းညွှန်ထားသည့်အတွက် ပြည်သူအားလုံး စာပေဖတ်ရှုလေ့လာကြရန် လိုအပ်ကြောင်းနှင့် ယခုစာကြည့်တိုက်ကို ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် တိုင်းဒေသကြီးအစိုးရက ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ စာကြည့်တိုက်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အလှူငွေနှင့် စာအုပ်စာစောင်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီနှင့် တိုက်ကြီးမြို့နယ် ဒေသခံပြည်သူများက အလှူငွေနှင့်စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဥက္ကံမြို့ရှိ ကောင်းသန့်စာကြည့်တိုက်သို့ရောက်ရှိ၍ စာကြည့်တိုက်ကော်မတီဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံကာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးရေး၊ ပြည်သူများအကောင်းအဆိုး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ရေးအတွက် စာပေလေ့လာဖတ်ရှုစေ၍ အသိပညာမြင့်မားအောင် ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးမှာကြားကာ အလှူငွေ နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့်အတူ သုံးဆယ်မြို့ ဗိုလ်စိန်မှန်ပန်းခြံအတွင်း ဖွင့်လှစ်ထားသော ဆရာကြီးပီမိုးနင်း စာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံကာ စာကြည့်တိုက်ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများနှင့် စာကြည့်တိုက်လုပ်ငန်းများကိုမေးမြန်းပြီး ဆရာကြီးပီမိုးနင်း စာကြည့်တိုက်အား ကျောင်းသားလူငယ်များ ဝင်ထွက်သွားလာ၍ စာပေလေ့လာဖတ်ရှုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လူငယ်များအသိပညာ ဗဟုသုတမြင့်မားမှသာ အမှား၊ အမှန်ခွဲခြားဆောင်ရွက်နိုင်မည်ဖြစ်၍ အသိပညာမြင့်မားအောင်ကြိုးပမ်းဆောင်ရွက်ရေး၊ စာကြည့်တိုက်အား ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကာ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ ဆရာကြီးပီမိုးနင်းသည် သုံးဆယ်မြို့ ရွာမကျေးရွာဇာတိဖြစ်သောကြောင့် ဆရာကြီးပီမိုးနင်း အထိမ်းအမှတ် စာကြည့်တိုက်ကို သုံးဆယ်မြို့ ဗိုလ်စိန်မှန်ပန်းခြံအတွင်း၌ ၂၀၁၅ ခုနှစ် အောက်တိုဘာလက စတင်တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သာယာဝတီခရိုင်ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက ပြည်သူများ မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိစေရေးနှင့် အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများတွင် ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

သတင်းစဉ်

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-II)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော် မြို့တော်ခန်းမလဟာပြင်ဇာတ်ရုံတို့တွင်စည်ကားသိုက် မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီတွင် MICC-II ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ MRTV-HD၊ MRTV-Parliament၊ MRTV-NRC၊ MWD-HD၊ MWD Variety HD Channel များနှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM ၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်း တိုက်ရိုက်(LIVE)ထုတ်လွှင့်မည်ဖြစ်သည်။

သတင်းစဉ်

**စိမ်းလန်းစိုပြည်လှပဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်ဖို့။**

# မြန်မာအသင်းနှင့် သီရိလင်္ကာအသင်းတို့ ဒုတိယခြေစမ်းပွဲစဉ်အား ယနေ့ယှဉ်ပြိုင်ကစားမည်

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာအသင်းနှင့် သီရိလင်္ကာအသင်းတို့ ဒုတိယခြေစမ်းပွဲစဉ်အား ယနေ့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် အောက်တိုဘာ ၁၀ ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ပထမခြေစမ်းပွဲစဉ်တွင် သီရိလင်္ကာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး ဖြစ်သည်။

ဖီဖာနိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် သီရိလင်္ကာအသင်းတို့ ဒုတိယခြေစမ်းပွဲစဉ်အား အောက်တိုဘာ ၁၃ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၃၀ မိနစ်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် လာမည့် နိုဝင်ဘာလအတွင်းတွင်လည်း စင်ကာပူ၊ လက်ဘနွန် အသင်းများနှင့်လည်း အဝေးကွင်းတွင် သွားရောက်၍ ခြေစမ်းပွဲများ ကစားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(NGB)



# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၂

ရှောဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ